ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ စနေနေ့ (5-2-2011) (၆၆၆၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းရင်းသားလူမျိုးအားလုံး ကောင်းကျိုး၊ ဆိုးကျိုးများကို မျှဝေ စံစား၊ ခံစား

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း နယ်မြေဒေသအနှံ့တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပျံ့နှံ့နေထိုင်လျက်ရှိသကဲ့သို့ နယ်မြေဒေသ အစိတ်အပိုင်း တစ်ခုချင်းတွင်လည်း တိုင်းရင်းသားလူမျိုးများ ပေါင်းစည်းရောယှက် နေထိုင်လျက်ရှိကြရာ တိုင်းရင်းသား လူမျိုးအားလုံး၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝများသည် တစ်သားတည်းဖြစ်ကာ သမိုင်းကြောင်းတစ်လျှောက်တွင် ပေါ်ပေါက်ခဲ့သော ကောင်းကျိုး၊ ဆိုးကျိုးများကို မျှဝေ စံစား၊ ခံစားခဲ့ကြရသည်သာ ဖြစ်သည်။

ဤသို့အားဖြင့် တိုင်းရင်းသားလူမျိုး တစ်မျိုးမျိုးသို့မဟုတ် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်း တစ်ရပ်ရပ်ကို သီးသီးသန့်သန့် ခွဲခြား၊ ပိုင်းခြားမရနိုင်ဘဲ ပြည်ထောင်စုကြီးတစ်ရပ်လုံးနှင့် တိုင်းရင်းသားလူမျိုးများအားလုံးကို လွှမ်းခြုံပေးနိုင်မှသာ ပြီးပြည့်စုံသည့် အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေသည် ပြည်ထောင်စုကြီး၏ ထူးခြားသော ဝိသေသဂုဏ်ရည်တစ်ရပ်ပင် ဖြစ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ အစည်းအဝေးကျင်းပ

နိုင်ငံတော်သမ္မတအဖြစ် ဦးသိန်းစိန်

ဒုတိယသမ္မတများအဖြစ် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း(ခ)မောင်အုန်းတို့အား ရွေးချယ်တင်မြှောက်

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၆၅၉)ဦးရှိသည့်အနက် (၆၅၉)ဦးစလုံး တက်ရောက်သည့်အတွက် **စာမျက်နှာ ၄ ကော်လံ ၁ သို့**❁

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံးပါဝင်သော သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

၅-၂-၂၀၁၁ (စနေနေ့)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ရာသီဥတု ပူပြင်းခြောက်သွေ့လာချိန်တွင် မီးဘေးအန္တရာယ် ပိုမိုဖြစ်ပွားတတ်သဖြင့် ပြည်သူတိုင်းက မီးလောင်မှုမဖြစ်ပေါ်စေရေး အစဉ်သတိပြုကာကွယ်ကြရပေမည်။ မီးဘေးအန္တရာယ်ကြောင့် လူအများ၏ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးမှုမရှိစေရေး သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် တာဝန်ရှိသူများနှင့် ပြည်သူများပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်မှုများ ပြုလုပ်ကြရမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ ယမန်နှစ် ဒီဇင်ဘာလအတွင်းက မီးလောင်မှု (၆၄)ကြိမ်ဖြစ်ပွားခဲ့ရာ မီးဖိုမီး၊ ပေါ့ဆမီး (၅၅)ကြိမ်၊ အလိုအလျောက်မီးသုံးကြိမ်နှင့် လျှပ်စစ်မီး ခြောက်ကြိမ်ပါဝင်သည်။ မီးကို မဆင်မခြင် ပေါ့ဆစွာသုံးစွဲမှုကြောင့် ဖြစ်ပွားသော မီးလောင်မှုများသည် မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၈၅ ရာခိုင်နှုန်းကျော်ရှိကြောင်း တွေ့ရသည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ပြည်သူတိုင်း မီးသတိပြုသုံးစွဲရေး၊ မီးလောင်မှုလျော့နည်းကျဆင်းရေး အသိပညာပေးနှိုးဆော်လျက်ရှိသည်။ အထပ်မြင့်အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့များနှင့် ညှိနှိုင်းအကြံပြုလျက်ရှိသည်။ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် အသိပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြခြင်းတို့ကို မပြတ်လုပ်ဆောင်လျက်ရှိသည်။

စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ စားသောက်ဆိုင်နှင့် လုပ်ငန်းများတွင် မီးငြိမ်းသတ်မှု သရုပ်ပြသခြင်း၊ မီးဘေးကာကွယ်ရေးပစ္စည်းများ လုံလောက်စွာထားရှိရေး၊ တောမီးလောင်မှုကြောင့် အဆောက်အအုံများကို မီးကူးစက်လောင်ကျွမ်းခြင်း မခံရစေရန် ကျေးရွာပတ်ဝန်းကျင်များတွင် မီးတားလမ်းများ စနစ်တကျထားရှိရေး၊ တစ်အိမ်တက်ဆင်းမီးသုံးစွဲမှု စစ်ဆေးခြင်းတို့ကို နှိုးဆော်ဆောင်ရွက်နေခြင်းတို့ကို တွေ့မြင်နေရသည်။

သို့ရာတွင် မီးသုံးစွဲသူများ၏ ပေါ့ဆမှု၊ မီးဖိုအနီးတွင် လောင်စာနှင့် လောင်စာဆီများထားရှိမှု၊ ဓာတ်ဆီပီပါအဖုံးအား ဝေါက်ဖြင့်ရိုက်ဖွင့်ရာမှ မီးပွင့်ထွက်မှု၊ ဆေးလိပ်မီးကို စည်းကမ်းမဲ့ပစ်မှု၊ မီးအားမြှင့်စက်နှင့် မီးခလုတ်များ ချမထားဘဲ မိသားစုအားလုံး အပြင်ထွက်သွားမှု၊ ဂက်စ်ကားပေါ်တွင် ဆေးလိပ်သောက်မှု စသည့်စည်းကမ်းမဲ့လုပ်ရပ်များကြောင့် မီးလောင်မှုများ မကြာခဏ ဖြစ်ပွားနေဆဲဖြစ်သည်။

ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီ။ မီးသတ်လုပ်ငန်းသည် လူတိုင်းနှင့်သက်ဆိုင်သည်။ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် အပေါ့စား မီးသတ်စက်များ၊ မီးသတ်ကန်များ၊ မီးငြိမ်းသတ်ရေးကိရိယာများ ထားရှိခြင်း၊ နေအိမ်တိုင်းတွင် မီးသတ်ဆေးဘူး၊ ရေပုံး၊ သဲပုံးများထားရှိခြင်း၊ မီးသတ်ရေကန်ထဲတွင် ရေအပြည့်ဖြည့်ထားခြင်းတို့ဖြင့် မြို့ရွာတစ်ခွင် မီးဘေးအန္တရာယ်မှ ကင်းဝေးနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၉)ကြိမ်မြောက် မြန်မာနိုင်ငံ မေ့ဆေးဆရာဝန်များအသင်းညီလာခံ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

(၉) ကြိမ်မြောက် မြန်မာနိုင်ငံ မေ့ဆေးဆရာဝန်များအသင်းညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ Panda Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)ဥက္ကဋ္ဌကိုယ်စား ပါမောက္ခဒေါက်တာခင်မောင်အေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မေ့ဆေးဆရာဝန်များအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာတင်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံမေ့ဆေးဆရာဝန်များအသင်း ဧည့်ခံကြိုဆိုရေး ဆပ်ကော်မတီမှ ဒေါက်တာဒေါ်သီဂီက ကြိုဆိုမိတ်ဆက်စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် (၉) ကြိမ်မြောက် မြန်မာနိုင်ငံမေ့ဆေးဆရာဝန်များအသင်းညီလာခံကို ဆက်လက် ကျင်းပရာ Symposium နှင့် Workshopအစီအစဉ်များ၊ ပြခန်းအစီအစဉ်များနှင့် Academic Programme အစီအစဉ်များကို ထည့်သွင်းကျင်းပပြီး ညီလာခံကို ဖေဖော်ဝါရီ ၄ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မေ့ဆေးဆရာဝန်များအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာတင်မြင့် (၉) ကြိမ်မြောက် မြန်မာနိုင်ငံ မေ့ဆေးဆရာဝန်များအသင်း ညီလာခံ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဘိုးဘွားမိဘကျေးဇူးရှင်များနှင့် သားကြီး ကိုဇာနည်မောင်အား ရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ဦးဇင်မြင့်(ဘကြီးဇင်)မိသားစုက နှင်းဆီကုန်းဘိုးဘွားရိပ်သာ ရန်ကုန်မြို့ရှိ ဘိုးဘွားများအတွက် ထာဝရဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ်နှစ်သိန်းပေးအပ်လှူဒါန်းရာ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီး လက်ခံစဉ်။ (သတင်းစဉ်)

Green World-Academy of Marketing မှ ဈေးကွက်မြှင့်တင်မှုဆိုင်ရာ လက်တွေ့အသုံးချသင်တန်းများနှင့် လက်လီစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

Green World-Academy of Marketing က လုပ်ငန်းခွင်ရှိ လက်တွေ့အသုံးချဈေးကွက်မြှင့်တင်မှုဆိုင်ရာ သင်တန်းများနှင့် လက်လီလုပ်ငန်းစီမံခန့်ခွဲမှုသင်တန်းများကို ဖေဖော်ဝါရီ ၇ရက်တွင်စတင်၍ တစ်ပြိုင်တည်း ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဈေးကွက်မြှင့်တင်မှုဆိုင်ရာ သင်တန်းများတွင် ဈေးကွက်ဖော်ဆောင်မှုဆိုင်ရာ အခြေခံမှစ၍ ဈေးကွက်ဖော်ဆောင်မှုဆိုင်ရာ အသုံးချနည်းဗျူဟာများနှင့် ဈေးကွက်ထိုးဖောက်မှုပုံစံများစသည့် နည်းလမ်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ဆောင်နိုင်စေရန် ရည်ရွယ်၍ သင်ကြားမည်ဖြစ်သည်။ လက်တွေ့အသုံးချ လက်လီလုပ်ငန်းစီမံခန့်ခွဲမှုသင်တန်းတွင်လည်း လက်လီလုပ်ငန်းတစ်ခုလုံးကို အခြေခံမှစ၍ လုပ်ငန်းတစ်ခုလုံး အောင်မြင်စွာ စီမံခန့်ခွဲအုပ်ချုပ်နိုင်စေရန် လက်လီလုပ်ငန်းနည်းဗျူဟာများကို သင်ကြားပေးသွားမည်ဖြစ်သည်။ သင်ကြားမည့်ဘာသာရပ်များမှာ Practical Retail Management, Marketing Fundamental,Integrated Marketing Communication, Consumer Behaviour တို့ဖြစ်သည်။

သင်တန်းများကို ဈေးကွက်မြှင့်တင်မှုကုမ္ပဏီများမှ ဝန်ထမ်းများ၊ ဈေးကွက်မြှင့်တင်မှုကို အခြေခံမှစ၍ လေ့လာလိုသူများ၊ လက်လီလုပ်ငန်းတွင် လုပ်ကိုင်နေသော ဝန်ထမ်းများနှင့် စတင်လုပ်ကိုင်လိုသော စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်နိုင်သည်။

သင်တန်းကာလမှာ ၁၆ နာရီဖြစ်၍ ရုံးဝန်ထမ်းများ လွယ်ကူစွာ သင်ကြားနိုင်မည့် အချိန်များအားစီစဉ်ထားသည်။ သင်တန်းကို နိုင်ငံတကာအတွေ့အကြုံ လုပ်ငန်းဆိုင်ရာအတွေ့အကြုံနှင့် ပညာရပ်ဆိုင်ရာအတွေ့အကြုံရှိ သင်တန်းဆရာများက ဦးစီး၍ စနစ်တကျ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများသည် Green World-Academy of Marketing အမှတ်(၃၈၈/၃၉၈)လေးလွှာ ရိုးမဘဏ် အလုံဘဏ်ခွဲအဆောက်အအုံအပေါ်ထပ် ဖုန်း-၀၁-၂၂၇၀၃၂ နှင့် ၇၃၁၁၄၅၀၈ တို့သို့ အသေးစိတ်ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သားရေဂျာကင်များ ဖြန့်ဖြူးရောင်းချ

ရန်ကုန် ဖေဖော်ဝါရီ ၄

ဦးအိုက်စံ(မြန်မာပြည်မှာ ဆန်းရှိုင်း)၏သား မောင်နိုင်ဖြိုးစံ ဦးစီး၍ သခင်ချစ် အမှတ်တံဆိပ် သားရေစစ်စစ် ဂျာကင်များကို မော်တော်ဆိုင်ကယ်စီးနင်းသူများနှင့် ဂျာကင်နှစ်သက်မြတ်နိုးစွာ ဝတ်ဆင်သူများအတွက် အထူးဈေးနှုန်းများဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

သခင်ချစ် အမှတ်တံဆိပ် ဂျာကင်များမှာ သိုးသားရေ၊ ချေသားရေတို့ဖြင့် လှပခိုင်ခံ့သပ်ရပ်စွာ ချုပ်လုပ်ထားပြီး မြန်မာပြည်မှာ ဆန်းရှိုင်းသားရေစစ်စစ် ပစ္စည်းများ အရောင်းဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်သည်။

မြန်မာပြည်မှာဆန်းရှိုင်း သားရေစစ်စစ် အရောင်းဆိုင်များတွင် သခင်ချစ်အမှတ်တံဆိပ် သားရေဂျာကင်များသာမက ဆန်းရှိုင်းအမှတ်တံဆိပ်ဖြင့် ချုပ်လုပ်ထားသော ကုတ်အင်္ကျီ၊ ဝေ့စ်ကုတ်၊ ခရီးဆောင်အိတ်၊ ကျောပိုးအိတ်၊ ရုံးသုံးလက်ဆွဲအိတ်အမျိုးမျိုး၊ ဘေးလွယ်အိတ်ဆိုဒ်စုံ၊ စလင်းဘက်အမျိုးမျိုး၊ ခါးပတ်အိတ်၊ ဦးထုပ်၊ အမျိုးသား၊ အမျိုးသမီးသုံး လက်ကိုင်အိတ်အမျိုးမျိုး၊ ငွေသားထည့် ခါက်အိတ်ဆိုဒ်စုံ၊ သားရေညှပ်ဖိနပ်၊ သားရေကွင်းထိုးဖိနပ်၊ ကွန်ပျူတာလက်(ပ်)တော့ ထည့်အိတ်၊ MP-4 ထည့်အိတ် တို့အပြင် ဆိုင်ကယ်စီးနင်းသူများအတွက် ရင်ကာနှင့် လက်အိတ်စသည်တို့ကိုလည်း ပုံမှန်အတိုင်း ရောင်းချလျက်ရှိသည်။

မြန်မာပြည်မှာဆန်းရှိုင်းနှင့် သခင်ချစ်ကုန်အမှတ်တံဆိပ်ပါ ပစ္စည်းများမှာ သိုးသားရေ၊ဆိတ်သားရေနှင့်မြွေသားရေစသည့် သားရေစစ်စစ်တို့ဖြင့် ချုပ်လုပ်ထားသဖြင့် ပြည်တွင်းမှ သားရေစစ်စစ် ချစ်မြတ်နိုးသူများနှင့် မြန်မာနိုင်ငံရောက် နိုင်ငံခြားသား ဧည့်သည်များ၊ နိုင်ငံခြားသား ခရီးသွားများကလည်း ပစ္စည်းမှန် ဈေးမှန်သဖြင့် ယုံကြည်စိတ်ချစွာ ဝယ်ယူအသုံးပြုကြသည်။

ပစ္စည်းများ ဝယ်ယူရရှိနိုင်သော အရောင်းဆိုင်များမှာ (၁) အမှတ် ၄၄၃ ကုန်သည်လမ်း (၄၃)လမ်းထိပ် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၂၉၁၄၅၃၊ (၂)အမှတ် ၁၄/A (၁၈-၁၉) လမ်းကြား (၈၃)လမ်း မန္တလေးမြို့ ဖုန်း -၀၂-၇၂၈၀၆၊(၃)လမ်း(၈၀)(၉)လမ်းထောင့် မန္တလေးမြို့ ဖုန်း-၀၂-၂၂၆၄၀၊ (၄)အမှတ် (၁၃၉)မြောက်ဘက်တိုက်တန်း မြေညီဈေးချို မန္တလေးမြို့ ဖုန်း-၀၂-၇၂၁၈၄၊ (၅) အမှတ် ၁၇၃/A (၈၁)လမ်း (၁၉) လမ်းထောင့် မန္တလေးမြို့ ဖုန်း-၀၂-၇၁၀၀၆၊ (၆) အမှတ်(၅၆) (၂၆)လမ်း (၈၈)လမ်းထောင့် မန္တလေးမြို့ ဖုန်း-၀၂-၃၅၆၅၃၊ (၇) ၂၃ ×၂၄လမ်းကြားနှင့် ၈၈ × ၈၉ လမ်းကြား အခန်း(၁၀) ငုဝါဆောင် အဆင့်မြင့် သီရိမာလာတိုက်တန်း မန္တလေးမြို့နှင့် (၈)မြို့မရုပ်ရှင်ရုံရှေ့ ပြင်ဦးလွင်မြို့ ဖုန်း-၀၈၅-၂၂၉၂၇နှင့် ၀၉-၅၁၁၄၈၃၃ တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာပြည်မှာ ဆန်းရှိုင်းနှင့် သခင်ချစ် ကုန်အမှတ်တံဆိပ်ပါပစ္စည်းများမှာ သိုးသားရေ၊ ဆိတ်သားရေနှင့် မြွေသားရေစသည့် သားရေစစ်တို့ဖြင့် ချုပ်လုပ်ထားသဖြင့် ပြည်တွင်းမှ သားရေစစ်စစ် ချစ်မြတ်နိုးသူများနှင့် မြန်မာနိုင်ငံရောက် နိုင်ငံခြားသားဧည့်သည်များ၊ နိုင်ငံခြားသား ခရီးသွားများကလည်း ပစ္စည်းမှန်၊ ဈေးမှန်သဖြင့် ယုံကြည်စိတ်ချစွာ ဝယ်ယူအသုံးပြုကြစဉ်။ (သတင်းစဉ်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း သင်တန်းဖွင့်ပွဲ မော်လမြိုင်မြို့၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ပြည်နယ်အဆင့်သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ၂၄ရက် နံနက် ၈ နာရီခွဲတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်းခန်းမ၌ ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဇော်လင်းထွန်းက အမှာစကားပြောကြားပြီး ဒုတိယပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးတင့်လွင်က လယ်ယာသန်းခေါင်စာရင်းကောက်ယူမည့်လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ **(ဓါတ်ပုံ)**

အဆိုပါသင်တန်းသို့ မွန်ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ် မြေစာရင်းဦးစီးဌာနများမှ သင်တန်းသားအရာရှိ ၃၂ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့ထူးချွန် ကျန်းမာရေးဝန်ထမ်းဆုရရှိခဲ့သူအား ဂုဏ်ပြုချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၄

ကမ္ဘာ့ထူးချွန်ကျန်းမာရေးဝန်ထမ်းဆု (Global Health Workforce Alliance Award-2011) ရရှိခဲ့သော ရှမ်းပြည်နယ် (အရှေ့ပိုင်း)တာချီလိတ်ခရိုင် မယ်ယန်းကျေးလက်ကျန်းမာရေးဌာန လွယ်စတုံကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမ ဒေါ်နန်းသန်းသန်းဦးအား ကျန်းမာရေးဝန်ကြီးဌာနက ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ကမ္ဘာ့ထူးချွန်ကျန်းမာရေးဝန်ထမ်းဆု (Global Health Workforce Alliance Award-2011) ရရှိခဲ့သော သားဖွားဆရာမ ဒေါ်နန်းသန်းသန်းဦး၏ ကိုယ်ရေးအကျဉ်းနှင့် ထူးချွန်ဆုရရှိခဲ့မှုနှင့်စပ်လျဉ်း၍ အခမ်းအနားမှူး ဒေါက်တာနန်းနိုင်နိုင်ရှိန်ကတင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က သားဖွားဆရာမ ဒေါ်နန်းသန်းသန်းဦးအား ဂုဏ်ပြုအထိမ်းအမှတ်တံဆိပ်၊ ဆုလက်မှတ်နှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သားဖွားဆရာမ ဒေါ်နန်းသန်းသန်းဦးက ဆောင်ရွက်ခဲ့သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကမ္ဘာ့ထူးချွန်ကျန်းမာရေး ဝန်ထမ်းဆု ရရှိသူ၏ ကိုယ်ရေးအကျဉ်းချုပ်မှာ သားဖွားဆရာမ ဒေါ်နန်းသန်းသန်းဦးကို ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့၌ ၁၉၆၀ ပြည့်နှစ် ဧပြီ ၁ ရက်တွင် ဖခင် ဦးညိုမြနှင့် မိခင် ဒေါ်ရွှေယဉ်တို့က မွေးဖွားခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် အခြေခံပညာအထက်တန်းကို အောင်မြင်ခဲ့ကြောင်း၊ ၁၉၈၁ ခုနှစ်တွင် သားဖွားဆရာမသင်တန်း အောင်မြင်ခဲ့ကာ ၁၉၈၂ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ပန်လင်ကျေးလက်ကျန်းမာရေးဌာန ထင်းရှူးတောင်ကျေးလက်ကျန်းမာရေးဌာနခွဲ၌ စတင်တာဝန်ထမ်းဆောင်ခဲ့ကြောင်း။

၁၉၈၇ ခုနှစ်တွင် မိုးကုတ်မြို့နယ် ကင်းကျေးလက်ကျန်းမာရေးဌာန ရွှေညောင်ပင် ကျေးလက်ကျန်းမာရေး ဌာနခွဲတွင်လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် မင်းချောင်း ကျေးလက်ကျန်းမာရေးဌာန၊ ကျွန်းကြီး ကျေးလက်ကျန်းမာရေးဌာနခွဲတွင် လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းလင်းကျေးလက်ကျန်းမာရေးဌာန ဝမ်တုံကျေးလက်ကျန်းမာရေးဌာနခွဲတွင်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ် ဇူလိုင်လမှ ယနေ့အထိ တာချီလိတ်မြို့နယ် မယ်ယန်းကျေးလက် ကျန်းမာရေးဌာန လွယ်စတုံ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိကြောင်း။

ဒုတိယအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ညီလာခံ (2nd Global Forum on Human Resource for Health) ကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၂၀၁၁ ခုနှစ် Prince Mahidol Award Conference နှင့် ပူးတွဲကျင်းပခဲ့ပြီး ညီလာခံ၏ နောက်ဆုံးနေ့ ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် ကမ္ဘာအရပ်ရပ်မှ ထူးချွန်ကျန်းမာရေး စောင့်ရှောက်ပေးသူများအား ဆုရပ်တုနှင့် ဆုလက်မှတ်များ ချီးမြှင့်ရာ နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်သူ ၅၈ ဦးတွင် ကျန်းမာရေးလူ့စွမ်းအားဆုရရှိသူ နှစ်ဦးသာရှိပြီး တစ်ဦးမှာ မြန်မာနိုင်ငံမှ သားဖွားဆရာမ ဒေါ်နန်းသန်းသန်းဦးဖြစ်ကြောင်း။

သူမအနေဖြင့် ၁၉၈၂ ခုနှစ်တွင် အလုပ်စတင်ဝင်ရောက်ခဲ့ရာမှ ယခုလုပ်သက် ၂၉ နှစ်ကာလအတွင်း တာဝန်ကျရာ ကျေးလက်ဒေသတိုင်း၌ ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်ခဲ့သူဖြစ်ပြီး ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်းတစ်ဦးမျှ မရှိစေရန် အထူးကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း၊ ခရီးလမ်းပန်း ခက်ခဲသော ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး တာဝန်ကျရာဒေသအချို့၌ တစ်ခါတစ်ရံ အဝေးဆုံးရွာရှိ အိမ်ခြေ ၁၅ အိမ်ခန့်ကို ရောက်ရန် ချောင်းကို ရေကူး၍သွားရခြင်း၊ အချို့ရွာများ၌ သစ်ရွက်ခြောက်သည့် နွေရာသီတွင် တောင်ကုန်းမှ သစ်ရွက်ခြောက်များကို လျှောစီးပြီး တောင်အောက်ရွာသို့ သွားရခြင်း၊ တစ်နေကုန် တောင်တက်ခရီးဖြင့် ခြေကျင်လျှောက်ရခြင်းတို့ကို မညည်းမညူ လုပ်ငန်းတာဝန် ကျေသည်သာမက အားတက်သရော စေတနာအပြည့်ဖြင့် ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ဤဆုကို Short List ၁၂ ဦးအနက်မှ ထူးချွန်စွာ ထိုက်ထိုက်တန်တန် ရရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ကမ္ဘာ့ထူးချွန်ကျန်းမာရေးဝန်ထမ်းဆု ရရှိခဲ့သော သားဖွားဆရာမ ဒေါ်နန်းသန်းသန်းဦးအား ဂုဏ်ပြုအထိမ်းအမှတ်တံဆိပ်၊ ဆုလက်မှတ်နှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ဖေဖော်ဝါရီ ၄ရက်က ရန်ကုန်မြို့ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး နေအိမ်၌ ကျင်းပသော သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် ဇနီးတို့အား သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံး ယာယီတာဝန်ခံ Ms. Nirmala Paranavitana ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် (၈)မိုင် ပြည်ထောင်စုကျောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ယခင် ပြည်ထောင်စုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် (၁၀၆)လမ်း အမှတ်(၂၄-ဒီ) ဆရာကြီးဦးတိုးအောင်၏နေအိမ်၌ ကျင်းပမည်ဖြစ်၍ ဆရာဟောင်းများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေ ပစ္စည်းများ လှူဒါန်းလိုပါက ဗိုလ်မှူးကြီးဗဟိန်း(ငြိမ်း) ဖုန်း-၆၆၀၇၃၁၊ ဗိုလ်မှူးမောင်သိန်း(ငြိမ်း) ဖုန်း-၅၇၂၀၁၅၊ ဦးဘညွန့်ဦး ဖုန်း-၆၈၄၇၆၁၊ ဦးထွန်းမြင့် ဖုန်း-၀၅၆-၂၁၄၇၃၊ ဦးအေးဖေ ဖုန်း-၃၇၉၆၄၇၊ ဒေါက်တာအေးဖေ ဖုန်း-၆၆၂၉၆၇၊ ဦးဝင်းကြည် ဖုန်း-၅၇၃၁၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ် (၁၀) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပရာ သူငယ်တန်း၌ ဘက်စုံထူးချွန် ပထမဆုရရှိသူ မောင်ဘုန်းထွဋ်နောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥဥဆွေ ဆုချီးမြှင့်စဉ်။

(ပညာရေး)

လှူဒါန်း

မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်း အမှတ်(၅)ရပ်ကွက် ရန်ကြီးအောင်လမ်းနေ ဦးသိန်းလွင်မိသားစုက ကျောက်တန်းဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးမှူး ဦးမြင့်အောင် လက်ခံယူစဉ်။

(၇၄)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၂-၂၀၁၁ (စနေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ဗောဇ္ဈင်္ဂသုတ်" တရားတော် (အပိုင်း-၈) (ဆရာတော်အရှင်ပညာသီဟာဘိဝံသ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၅)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၂၂)**
၈း၄၀	လပြည့်ဝန်းသို့တမ်းချင်းည Live Show(Part-6)
၉း၁၅	အလှပန်းတစ်ပွင့် ဖူးပွင့်လေပြီ မုန်းဝန်းဒေသဆီ
၉း၃၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၀၀	နှင်းရည်သန့်နှင့်စိမ်းလဲ့လဲ့တို့၏ တေးစီးရီးမိတ်ဆက်
၁၀း၂၀	ထူးချွန်သူတို့မွေးဖွားပေးရာ Prestige International
၁၀း၃၅	သွားမယ်စားမယ်
၁၁း၀၅	ပန်းချီပြခန်း (SPECTRUM)
၁၁း၂၅	MNL Preview
၁၂း၁၀	ဘားအံမြို့၏အလှဆုံးနေ့
၁၂း၃၅	အဆင့်မြင့်မြင့်သုံးဖို့ရာ Sweety Life Furniture
၁၂း၅၀	Activities In The City (သာသနာနုဂ္ဂဟသုံးထပ်ဗိမာန်တော်ကြီးပန္နက်တော်တင်တွင်းတော်ဝန်းမင်္ဂလာအခမ်းအနား)
၁း၀၀	"ဗောဇ္ဈင်္ဂသုတ်" တရားတော် (အပိုင်း-၈) (ဆရာတော်အရှင်ပညာသီဟာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	VJ Choice
၂း၅၅	Activities In The City (LV နည်းပညာနှင့်ဘီလပ်မြေ စက်မှုလုပ်ငန်းတိုးတက်ရေး ဆွေးနွေးပွဲ)
၃း၁၅	Kid's Show
၃း၅၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၂၂)**
၄း၄၀	ရွှေမန်းမြေမှ ရွှေကျင်နိကာယ နှစ်(၁၅၀)ပြည့်အလှူပွဲ
၄း၅၅	ရန်ကုန်မြင်ကွင်းကျယ် (ရန်ကုန် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် ၁၉၇၃-၇၇ ခုနှစ် ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒကျောင်းသား/ကျောင်းသူများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ)
၅း၂၀	Golas of the week
၅း၄၀	Movie Talk (အသာမစံအနာခံလူကြမ်းများ) (အပိုင်း-၃)
၆း၀၀	MRTV-4 သတင်း
၆း၂၀	တောင်ပေါ်ကမ္ဘာမှ အပန်းဖြေနားခိုရာများ
၆း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၆)**
၇း၂၅	လပြည့်ဝန်းသို့တမ်းချင်းည Live Show(Part-7)
၈း၀၀	MRTV-4 သတင်း
၈း၃၀	ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာငါးဦး၏လက်ရာ) (အပိုင်း-၁)
၉း၀၅	ဟိုတယ်လမ်းညွှန် (နန်းမြိုင်ဟိုတယ်)
၉း၂၅	Barclays Premier League (Tottenham Vs Bolton)
၁၁း၂၅	သူတို့ပြောတဲ့သူတို့အကြောင်း (မြတ်ကေသီအောင်နှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၁း၅၅	Barclays Premier League (Wolverhampton Vs Man U)
၁း၅၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၂၃)**
၂း၅၅	Land of Flowers
၃း၂၀	အောင်မြင်ရှင်သန်နေသော ရော်ဘာစိုက်ခင်းရရှိရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ
၃း၃၀	သဘာဝကပေးသော လက်ဆောင်များ
၃း၃၅	World of Knowledge (Triumph of Life Brain Power)
၄း၂၀	မြန်မာတို့၏ စွဲမက်ဖွယ်ရာ ထိုးမုန့်လမုန့်အရသာ
၄း၃၅	မြတ်နိဗ္ဗာန်သို့မျှော်ရည်မှန်း အနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်တရားစခန်း
၄း၄၅	တောင်ကြီးမြို့ရဲ့တုမရှိ လောကချမ်းသာစူဠာမုနိ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League **ဘောလုံးပွဲစဉ်များ**

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၁၀	Stoke City - Sunderland	ESPN (Live)
၉း၂၅	Newcastle - Arsenal	ESPN (Live)
	Tottenham - Bolton	STAR SPORTS (Live)
၁၁း၅၅	Wolverhampton - Man U	ESPN (Live)
	Everton - Blackpool	STAR SPORTS (SDD)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

❀ရှေ့ဖုံးမှ

(၁၀၀) ရာခိုင်နှုန်း ရာနှုန်းပြည့်ဖြင့် သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ အစည်း အဝေး အထမြောက်ကြောင်းနှင့် အစည်း အဝေးကို စတင်ကျင်းပကြောင်း ကြေညာ သည်။

ကြေညာ

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အစုအဖွဲ့အသီးသီးက ရွေးချယ်တင်မြှောက်ပေးခဲ့သည့် ဒုတိယ သမ္မတများအား နိုင်ငံတော်သမ္မတ

သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များ ဒုတိယသမ္မတ သုံးဦး အနက်မှ တစ်ဦးအား နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက် နိုင်ရန် ဆန္ဒမဲပေးကြစဉ်။
(သတင်းစဉ်)

အရည်အချင်းနှင့် ပြည့်စုံမှုရှိ /မရှိ စိစစ် ရေးအဖွဲ့က စိစစ်ရာ ပြည့်စုံမှုရှိသည်ကို တွေ့ရှိရကြောင်း ကြေညာသည်။

၎င်းနောက် သမ္မတရွေးချယ် တင်မြှောက်ရေး အဖွဲ့ဝင်များသည် နိုင်ငံတော်သမ္မတလောင်းများဖြစ်ကြသော ဒုတိယသမ္မတ(၃)ဦးအနက်မှ တစ်ဦးအား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင် မြှောက်နိုင်ရန် ပြည်ထောင်စုလွှတ်တော် နာယကအပါအဝင် သမ္မတရွေးချယ် တင်မြှောက်ရေးအဖွဲ့ဝင်များရှေ့မှောက်၌ ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲ ပေးကြသည်။ ထိုသို့ ဆန္ဒမဲပေးရာတွင် ပြည်ထောင်စုလွှတ်တော် နာယကနှင့် ဒုတိယနာယကတို့သည်လည်း သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များနှင့် အတူ ဆန္ဒမဲပေးကြသည်။

ဆန္ဒမဲပေးပြီးနောက် ဆန္ဒမဲပုံးများကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင် များ ရှေ့မှောက်၌ ဖွင့်လှစ်ပြီး သက်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ စိစစ်ရေတွက် သည်။ ဆန္ဒမဲများကိုရေတွက်ပြီး ပယ်မဲ အဖြစ် ဆုံးဖြတ်သတ်မှတ်သည့် ဆန္ဒမဲ များကို ကြေညာရာ ပယ်မဲစုစုပေါင်း (၅)မဲဖြစ်သည်။

ထို့နောက် ဒုတိယသမ္မတများရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို ပုံစံ(၁၅)တွင် ဖြည့်စွက် ၍ စိစစ်ရေးအဖွဲ့ဝင်အားလုံးက လက်မှတ် ရေးထိုးမှတ်တမ်းတင်ကြပြီး ပြည်ထောင်စု လွှတ်တော်နာယကက အတည်ပြု လက်မှတ်ရေးထိုးသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❑

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ဆန္ဒမဲပေးစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး

ပြည်ထောင်စုလွှတ်တော်ကိုယ်စား လှယ်များ အစည်းအဝေးတက်ရောက် ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ် ရေးထိုးကြစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၂-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၅ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ ကဗျာပန်းဉယျာဉ်
- ၈း၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၃၀ ၉။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ Local Talent
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၁း၂၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၄၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၃၅ ၅။ Yan Can Cook
- ၁၂း၅၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၁၃)**
- ၁း၄၅ ၇။ **"မဟော်သဓာ" (အပိုင်း-၁၈) (ဖိုးသောကြာ၊ အားသစ်၊ နဒီဝင့်နိုင်၊ ပပစိုးကြည်) (ဒါရိုက်တာ-စန္ဒရားသန်းဇော်)**
- ၂း၁၅ ၈။ **ရုပ်မြင်သံကြားဇာတ်လမ်း "ပိုင်နိုင်ခိုင်မြဲအောင်" (ခန့်စည်သူ၊ ထွန်းထွန်းဝင်း၊ မျိုးစန္ဒီကျော်၊ ငွေစင်သွန်း၊ သူသူဟံသာ) (ဒါရိုက်တာ-သက်တင်)**
- ၂း၅၀ ၉။ International News
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄း၃၀ ၄။ ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ် (ဒုံမင်းဆန်းတင့်၏ ဒုံမင်းလက်သံ)
- ၄း၄၅ ၅။ ၂၀၁၁ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ဓာတုဗေဒဘာသာရပ်)
- ၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၂၀ ၈။ International Science News
- ၅း၃၀ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆း၃၅ ၁၃။ ယဉ်တစ်ကိုယ်မယ် (သက်သခင်)
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ"(အပိုင်း-၁၉)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၉၆)**
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကွန်ဖူးချစ်သူ" (အပိုင်း-၃)**
- ၂၀။ ဂီတတံခါးလေးဖွင့်ပါဦး
- ၂၁။ အစီအစဉ်ပြီး၏။

Global Assessment Certificate (GAC) ပရိုဂရမ်ကို Education RoadShow 2011 ၌ ရှင်းလင်းမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

အမေရိကန်၊ အင်္ဂလန်၊ ကနေဒါ၊ ဩစတြေးလျ၊ မက္ကဆီကို၊ မလေးရှား၊ အင်ဒိုနီးရှား အပါအဝင် နိုင်ငံတကာ တက္ကသိုလ်ပေါင်း ၁၀၀ ကျော်သို့ စိတ်ကြိုက် ရွေးချယ်တက်ရောက်နိုင်မည့် Global Assessment Certificate (GAC) ပရိုဂရမ်နှင့် ဝင်ခွင့်လျှောက်ထား ခြင်းများကို ဖေဖော်ဝါရီ ၁၁ ရက် (သောကြာနေ့) နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ Summit Parkview Hotel ၌ ကျင်းပမည့် Education RoadShow 2011 တွင် ရှင်းလင်း ပြောကြားမည်ဖြစ်ကြောင်း သိရသည်။ (GAC) Global Assessment Certificate ပရိုဂရမ်သည် ကမ္ဘာ့တက္ကသိုလ် များ၏ အသိအမှတ်ပြု Foundation ပရိုဂရမ်တစ်ခုဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်များသို့ မတက် ရောက်မီ လိုအပ်သော ပြင်ဆင်မှုများကို ပြည့်စုံအောင်ပြင်ဆင်ပေးမည့် တက္ကသိုလ် အကြို သင်တန်းတစ်ခုဖြစ်သည်။

အဆိုပါ ပရိုဂရမ်တွင် အဆင့်သုံးဆင့် ရှိပြီး ပထမအဆင့်အနေဖြင့် ကျောင်းသား၊ ကျောင်းသူများအား အင်္ဂလိပ်စာ၊ သင်္ချာ၊ Information and Technology, စီးပွားရေးနှင့် သိပ္ပံဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်ပြီး ရွေးချယ်စရာ အဖြစ် မိမိတို့နှစ်သက်ရာ IELTS/ TOEFL ပြင်ဆင်ခြင်းကို ရွေးချယ်နိုင် သည်ဟုသိရသည်။ အဆင့်(၂)နှင့်(၃)တွင် စုစုပေါင်း ဘာသာရပ်ငါးခုအနက်မှ လေးခု ရွေးချယ်တက်ရောက်နိုင်သည်ဟု သိရ သည်။ အမေရိကန်ကျောင်းများကို လျှောက်ထားရာတွင် GAC တင်ပြနိုင်ပါ က SAT အမှတ်များ သီးသန့်တင်ပြရန် မလိုအပ်ဘဲ လျှောက်ထားနိုင်သည်။

သင်တန်းကာလအားဖြင့် ကိုးလမှ တစ်နှစ်အထိ ကြာမြင့်နိုင်ပြီး လျှောက် ထားသူများ IELTS/ TOEFL အမှတ် များရှိထားရန်မလိုအပ်ဘဲ ၎င်းပရိုဂရမ်၏ သင်ကြားမှု တစ်စိတ်တစ်ပိုင်းအဖြစ် IELTS/ TOEFL တို့ကို ထည့်သွင်း သင်ကြားမည်ဖြစ်သဖြင့် မိမိတို့သွားရောက် ပညာသင်ကြားလိုသည့် နိုင်ငံအလိုက် IELTS သို့မဟုတ် TOEFL ကို ရွေးချယ် သင်ယူနိုင်ကြောင်း၊ GAC သင်ကြား ပို့ချမည့် Ascensia Academy သည် GAC သင်ယူခွင့်ရှိသော စင်ကာပူနိုင်ငံ၏ တစ်ခုတည်းသော Edu Turst လက်မှတ် ရကျောင်းဖြစ်ကြောင်း သိရသည်။

GAC ကိုထူးချွန်စွာ ဖြေဆိုအောင်မြင် သူများအနေဖြင့် သက်ဆိုင်ရာတက္ကသိုလ် များမှ ပညာသင်ထောက်ပံ့ကြေးများ လည်း ရရှိနိုင်ကြောင်း၊ အသေးစိတ် အချက်အလက်များကို Ascensia Academy မှ တာဝန်ရှိသူကိုယ်တိုင် ရှင်းလင်း ပြောကြားမည်ဖြစ်သဖြင့် စိတ်ပါဝင်စား သူများ CROWN Education ဖုန်း-၂၁၁၈၈၈/ လိုင်းခွဲ-၂၂၈-၂၂၉၊ ၀၉-၅၀၈၅၁၈၅ နှင့် ၇၃၀၄၀၆၈၈ တို့တွင် စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

❑ စာမျက်နှာ ၄ မှ

ယင်းနောက် လွှတ်တော်နာယက က သမ္မတလောင်း တစ်ဦးချင်းရရှိသည့် ထောက်ခံဆန္ဒမဲ အများ အနည်းအလိုက် အမည်စာရင်းကိုကြေညာရာ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးသိန်းစိန်က ထောက်ခံဆန္ဒမဲ (၄၀၈)မဲ၊ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ သီဟသူရ ဦးတင်အောင်မြင့်ဦးက ထောက်ခံဆန္ဒမဲ (၁၇၁)မဲ၊ ရွေးကောက်ခံအမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာစိုင်းမောက်ခမ်း (ခ) မောင်အုန်း က (၇၅)မဲ အသီးသီးရရှိကြသည်။

ရွေးချယ်တင်မြှောက်

ထို့ကြောင့် လွှတ်တော်နာယက က ထောက်ခံဆန္ဒမဲ အများဆုံးရရှိသည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အစုအဖွဲ့မှ ဦးသိန်းစိန်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ကြောင်း ကြေညာသည်။

ဆက်လက်၍ သီဟသူရဦးတင်အောင် မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း(ခ) မောင်အုန်းတို့အား ဒုတိယသမ္မတများ အဖြစ် ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က သမ္မတရွေးချယ်တင်မြှောက် ရေးအဖွဲ့ အစည်းအဝေး ပြီးဆုံးကြောင်းနှင့် ပြည်ထောင်စုလွှတ်တော် ဒုတိယနေ့ အစည်းအဝေးကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီ မိနစ် ၂၀တွင်ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သမ္မတအဖြစ် ကြေညာ

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ထောက်ခံဆန္ဒမဲ အများဆုံးရရှိသည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစု အဖွဲ့မှ ဦးသိန်းစိန်အား နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက် ကြောင်း ကြေညာစဉ်။

(သတင်းစဉ်)

ဆန္ဒမဲများကို ရေတွက်စဉ်။ (သတင်းစဉ်)



ထုံးကျောက်၊ ကျောက်မီးသွေးနှင့် သံကြွယ်ဘောက်ဆိုဒ် အကြီးစားတူးဖော်ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုး

နေပြည်တော် ဖေဖော်ဝါရီ ၄

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်းနှင့် တက်လူ ရင်းနှီးမြှုပ်နှံမှုအဖွဲ့ စက်မှုထုတ်လုပ်မှု ကုမ္ပဏီလီမိတက် (Y.I.G)တို့သည် နိုင်ငံတော်အကြီးအကဲ၏ ခွင့်ပြုချက်နှင့်အညီ တစ်ရက်လျှင် ဘိလပ်မြေ တန် (၂၀၀၀) ကျ ဘိလပ်မြေစက်ရုံအတွက် လိုအပ်သော စက်မှုတွင်းထွက် ကုန်ကြမ်းများရရှိရန် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြည်ညောင်ဒေသ ညောင်ပင်တောင် (မြောက်ပိုင်း)လုပ်ကွက်၊ နွားလဘို့တောင်လုပ်ကွက်၊ သပြေတောင် လုပ်ကွက်တို့၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ထုံးကျောက် အကြီးစားတူးဖော်ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် မင်းသမီးကျေးရွာအုပ်စု စားသွေးကျောက်ချောင်းဒေသ လုပ်ကွက်နှင့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကြပ်စခန်းကျေးရွာအုပ်စု ကြပ်စခန်းဒေသလုပ်ကွက်တို့၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ကျောက်မီးသွေး အကြီးစားတူးဖော်ထုတ်လုပ်မှု လုပ်ငန်းသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် နောင်တခေါ်ဒေသနှင့် လုံဝယ်ဒေသလုပ်ကွက်တို့၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် သံကြွယ်ဘောက်ဆိုဒ် အကြီးစားတူးဖော်ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် တက်ရောက်အားပေးသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်က ကျောက်မီးသွေး အကြီးစား တူးဖော်ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်လူ ရင်းနှီးမြှုပ်နှံမှုအဖွဲ့ စက်မှုထုတ်လုပ်မှု ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသီဟအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တက်လူ ရင်းနှီးမြှုပ်နှံမှု အဖွဲ့စက်မှုထုတ်လုပ်မှု ကုမ္ပဏီလီမိတက် နှင့် အမှတ်(၃) သတ္တုတွင်းလုပ်ငန်းတို့ လုပ်ငန်းသဘောတူစာချုပ်ကို ဦးဆောင် ညွှန်ကြားရေးမှူး၊ မန်နေဂျင်းဒါရိုက်တာ နှင့် အသိသက်သေများက လက်မှတ် ရေးထိုးကြသည်။

ထို့နောက် ဝန်ကြီးက ခွင့်ပြုမိန့်များကို မန်နေဂျင်းဒါရိုက်တာအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

News Watch (စောင့်ကြည့်) သတင်းဂျာနယ် ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၄

ပြည်ပပို့သည့်ပဲများ တစ်တန်လျှင် ကျပ်တစ်သိန်းကျော်ထိ မြင့်တက်၊ ဖေဖော်ဝါရီလမှာ လေပွေလှိုင်းများ တိုက်ခတ်ပြီး အအေးပိုကဲမည်၊ ထိုင်းနိုင်ငံရှိ မြန်မာလုပ်သားများ တရားဝင်အလုပ် ရရှိတော့မည်၊ မီးပွိုင့်များတွင် ဗဟို ထိန်းချုပ်ခန်း မကြာမီ အကောင်အထည်ဖော်တော့မည်၊ ငှက်ဖျားအမြစ်ပြတ်ဆေး အခမဲ့ပေးဝေမည်၊ တရုတ်နိုင်ငံလုပ် လုပ်ငန်းသုံးယာဉ်ကြီးများနှင့် အဝေးပြေးယာဉ်များ မြန်မာမှ ပိုမိုတင်သွင်းမည်၊ မလေးရှားအလုပ်ခေါ်စာ အတုဖြင့် လိမ်လည်မှုများ ရှိနေဆဲ၊ တရားမဝင် အနောက်တိုင်းဆေးများ ထုတ်လုပ်သူကို ဖော်ထုတ်ဖမ်းဆီးရမိ၊ ဈေးသက်သက်သာသာနှင့် မော်တော်ကား ဝယ်စီးနိုင်တော့မည်၊ လူငယ်များနှင့် အင်ဂျင်နီယာများ အလုပ်အကိုင်အခွင့်အလမ်းကောင်းလာမည်၊ ငွေဆောင်တွင် ပထမဆုံးအကြိမ် လူနေဈေးဆိုင်ခန်းများ အဆင့်မြင့်မြင့်တည်ဆောက်နေ၊ အကယ်ဒမီနေတိုးရဲ့ အမှတ်တရ အလှူဒါန၊ အကယ်ဒမီလူမင်း ဖက်ရှင်ဆိုင်ဖွင့်၊ မျှော်စင်ကျွန်းတွင် ဆိုဗီယက်ပြန် အာဇာနည်စန်းစန်း ဆပ်ကပ်အဖွဲ့ကြီး တနင်္ဂနွေ အပတ်စဉ်ဖျော်ဖြေမည်၊ မြန်မာ့ရိုးရာ ရုပ်သေးပွဲများလည်း ကရဝိက်နန်းတော်တွင် ဖြေဖျော်မည်၊ မြို့မ တေးဂီတအဖွဲ့နှင့် ရန်အောင်၊ မေသန်းနုတို့ကို မန္တလေးသားများ အကြိုက်တွေ့၊ ကိုရီးယားမင်းသား ရွှယ်ဘင်း၊ ကင်ဆန်ဝူး (ရေသည်မင်းသား)၊ F4 ချစ်သူ ကင်ဘမ် တို့အကြောင်း၊ ဗြိတိသျှထီးနန်းကို ဆက်ခံမည့်သူ၊ ဥရောပမပါသော ကမ္ဘာ့လူ့အဖွဲ့အစည်းရဲ့ မောင်းနှင်အား Facebook စသည့် ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းများနှင့်အတူ News Watch (စောင့်ကြည့်)ဂျာနယ် အတွဲ ၆ အမှတ် (၃၀) ထွက်နေပါပြီ။ (သတင်းစဉ်)

အလုံအထက(၁) မြတ်ဆရာ ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

အလုံမြို့နယ် အထက(၁)တွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေလှူဒါန်းလိုသူများသည် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည် ဖုန်း-၂၂၀၅၉၈၊ ဆရာမဒေါ်မြင့်မြင့်စိန်၊ ဒေါက်တာလွင်လွင်ဦးလှိုင် ဖုန်း-၆၁၀၈၇၇၊ မသီတာထွေး ဖုန်း-၀၉-၁၁၁၃၂၂၊ စောထီးဆက် ဖုန်း-၇၀၄၀၄၂၊ ကိုမြင့်အောင် ဖုန်း-၂၁၄၁၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပြီး ပူဇော်ပွဲအစည်းအဝေးကို မတ် ၂ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၇ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တို့တွင် သုညဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့နှင့် ပင်လောင်းမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီနှင့် ပူတာအိုမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ယနေ့မြန်မာစံတော်ချိန် ၁၂း၃၀ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံ ကမ်းခြေအနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၅ ရက် ညနေထိခန့်မှန်းချက် ။ ။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

ဖေဖော်ဝါရီလ ဒုတိယ ရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်

လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတွင် အများအားဖြင့်သာယာပြီး ရန်ကုန်တိုင်းဒေသကြီးတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။



ဇန်နဝါရီ ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ မူကြိုကျောင်းများသို့ သင်ထောက်ကူပစ္စည်းများနှင့် ဝတ်စုံများ ပေးအပ်ပွဲကို လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပရာ မှော်ဘီမြို့နယ် အတွက် အသင်းခွဲ အသိအမှတ်ဂုဏ်ပြုလွှာများကို ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက ပေးအပ်ရာ မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ လက်ခံစဉ်။ (၄၉)

ကွင်းဆင်းစစ်ဆေး

ဇန်နဝါရီ ၂၈ ရက်က သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းတို့ တိုက်ကြီးမြို့နယ်၏ လသာကုန်းပျိုးဥယျာဉ်နှင့် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၅၀၀ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးစဉ်။

(၅၂၆)

နက္ခတ်ဗေဒင် မင်္ဂလာအခါပေးပြက္ခဒိန်အချို့တွင် မိဿရာသီကူးပြောင်းချိန် ကွဲလွဲဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့က ထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၄

မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ်အတွက် ထုတ်ဝေသော နက္ခတ်ဗေဒင် မင်္ဂလာအခါပေးပြက္ခဒိန်အချို့တွင် ပြက္ခဒိန်တစ်ခုနှင့်တစ်ခု မိဿရာသီကူးပြောင်းချိန် တူညီမှုမရှိဘဲ ထုတ်ဝေခဲ့ကြသည့်အလျောက် မိဿရာသီကူးပြောင်းခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုများ ရှိခဲ့ကြသည်ကို စိစစ်တွေ့ရှိရသည်။

ရှေးပညာရှင်ရဟန်းတော်များနှင့် ပညာရှိလူပုဂ္ဂိုလ်အဆက်ဆက်တို့က အဆင့်ဆင့်တွက်ချက်ပြီး စိစစ်အတည်ပြုထားသော တွက်ရိုးပညာရပ်များကို အခြေခံရေးဆွဲထားသည့် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၏ မူမှန်ပြက္ခဒိန်ကို တညီတညွတ်တည်း လက်ကိုင်ပြု၍ ရေးဆွဲတွက်ချက်ဖော်ပြခြင်းဖြင့် မိဿရာသီကူးပြောင်းချိန် ကွဲလွဲခြင်းများနှင့် အခြားကွဲလွဲချက်များ ဖြစ်ပေါ်စေနိုင်မည် မဟုတ်ပေ။

သို့ဖြစ်၍ နက္ခတ်ဗေဒင် မင်္ဂလာအခါပေးပြက္ခဒိန်ထုတ်ဝေသူ အသီးသီးအနေဖြင့် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၏ မူမှန်ပြက္ခဒိန်ကိုသာ လက်ကိုင်ပြု၍ တွက်ချက်ရေးဆွဲထုတ်ဝေကြရန်နှင့် ယင်းသို့ ထုတ်ဝေရာတွင်လည်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၏ စိစစ်မှုကို ခံယူပြီးမှသာ ထုတ်ဝေဖြန့်ချိရန်ဖြစ်ကြောင်း မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့က ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြွန်တန်ဆာအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ပြွန်တန်ဆာအသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန် ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မဟာဝိဇယစေတီတော်အနီးရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ပြွန်တန်ဆာဒေသနယ်သူနယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားပြီး အသက်(၇၅)နှစ်ပြည့်ပြီးသော အသင်းဝင်များနှင့် မိဘများစာရင်း၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော သားသမီးများ၏ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသော အမှတ်စာရင်းမိတ္တူတို့ကို ဥက္ကဋ္ဌ ဦးသောင်းလွင် ဖုန်း-၅၄၂၅၉၈၊ ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်အေး ဖုန်း-၆၆၃၀၈၅၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည် ဖုန်း-၅၁၀၄၀၂၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်သိန်း ဖုန်း-၆၄၂၆၆၁၊ အတွင်းရေးမှူး ဦးညွန့်ကြည် ဖုန်း-၅၀၂၇၀၃၊ တွဲဖက်အတွင်းရေးမှူး ဦးစောလှ ဖုန်း-၂၉၈၈၂၇၊ တွဲဖက်အတွင်းရေးမှူး ဦးခင်ရွှေ ဖုန်း-၂၉၅၁၂၃၊ ဘဏ္ဍာရေးမှူး ဒေါ်လှမူမူ ဖုန်း-၅၁၁၁၅၈နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်ခင်သက်နိုင် ဖုန်း-၃၇၁၇၂၀ တို့သို့ ဖေဖော်ဝါရီ ၂၅ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ငါးသိုင်းချောင်းအသင်း(ရန်ကုန်) သင်းလုံးကျွတ် စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ငါးသိုင်းချောင်းအသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ် သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ဦးဘိုးမောင်ကျောင်း ဗားကရာလမ်း စမ်းချောင်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာစာအဓိက ကျောင်းသား၊ ကျောင်းသူများ မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တက္ကသိုလ် ၁၉၆၉-၇၃ မြန်မာစာ အဓိက ကျောင်းသား၊ ကျောင်းသူများက အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၁၂ ဦးတို့အား နဝမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အမှတ်(၂၂၁/၂၂၃) တော်ဝင်နှင်းဆီ၌ ကျင်းပမည်ဖြစ်ရာ ၁၉၆၉-၇၃ မြန်မာစာအဓိက ကျောင်းသား၊ ကျောင်းသူတိုင်း တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးကျော်ဖေယျ ဖုန်း-၀၉-၅၀၀၇၈၄၉၊ ဦးခင်စိုး ဖုန်း-၅၄၃၆၆၉၊ ဒေါ်ခင်ရွှေဦး ဖုန်း-၅၆၆၁၃၁၊ ၇၀၄၅၆၅၊ ဒေါ်ချိုချို ဖုန်း-၀၉-၅၀၃၉၅၉၀၊ ဦးစိုးညွန့် (တော်ဝင်နှင်းဆီ) ဖုန်း-၅၄၂၇၁၉၊ ၅၄၂၇၂၀၊ ဦးစန်းမြင့် ဖုန်း-၀၉-၄၉၂၉၀၅၀၈နှင့် ဒေါ်နွယ်နွယ်လင်း ဖုန်း-၆၆၀၀၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဆုချီးမြှင့်

နေပြည်တော် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က ကျောင်းခန်းမဆောင်၌ ကျင်းပရာ ဒုတိယတန်း ပညာရည်ချွန် ပထမဆုရ မမေရှူပါအေးအား ကျောင်းအုပ်ဆရာကြီး ဦးသန်းအေး ဆုချီးမြှင့်စဉ်။

(ပညာရေး)

မြင်းမူထီးဆောင်းကျေးရွာ မူလွန်ကျောင်း ပညာရည်ချွန်ဆုချီးမြှင့်

မြင်းမူ ဖေဖော်ဝါရီ ၄

မြင်းမူမြို့နယ် ထီးဆောင်း(စံပြ)ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူး၊ လက်ထောက်မြို့နယ်ပညာရေးမှူး၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ဆုရကျောင်းသား၊ ကျောင်းသူများ၊ မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးပြီး မြို့နယ်ဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ကြည်၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးသိုက်ဝင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေငွေမြင့်တို့က အမှာစကား အသီးသီးပြောကြားကြသည်။

ယင်းနောက် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြောင်း သိရသည်။ (၂၂၅)

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

နေပြည်တော် ဖေဖော်ဝါရီ ၄

၁။ **ကမ္ဘာတစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု။** ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)မှ ထုတ်ပြန်သောသတင်းအရ ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်အထိ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသောနိုင်ငံပေါင်း (၆၃)နိုင်ငံရှိပြီး ၂၀၁၁ ခုနှစ်အတွင်း အီဂျစ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကြောင်း သိရှိရသည်။

(ခ) **ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်ဖြစ်ပွားမှု။** ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ ထုတ်ပြန်သောသတင်းအရ ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်အထိ နိုင်ငံ ၁၅ နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်ဖြစ်ပွားမှု ၅၁၉ ဦးရှိပြီး ၃၀၆ ဦးသေဆုံးကြောင်း သိရှိရသည်။

၂။ **မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု။** မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ လေးကြိမ်ဖြစ်ပွားခဲ့သည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ဘုမေကျေးရွာအုပ်စုရှိ ဥစားကြက်မွေးမြူရေးခြံ တစ်ခြံ၌ လည်းကောင်း၊ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ဗိုလ်မြရပ်ကွက်ရှိ ဥစားကြက် မွေးမြူရေးခြံ နှစ်ခြံ၌ လည်းကောင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ရောဂါထိန်းချုပ်ရေးနည်းလမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

၃။ **ရောဂါကာကွယ်ထိန်းချုပ်ရေး။** အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြပါရန်နှိုးဆော်အပ်ပါသည်-

(က) ကြက်ငှက်များကို လူနေအိမ်အနီး မွေးမြူခြင်းမပြုဘဲ သီးသန့်ခွဲခြားမွေးမြူရန်၊

(ခ) ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အလေးထားဆောင်ရွက်ရန်၊

(ဂ) မွေးမြူရေးခြံသုံး ပိုးသတ်ဆေးများ စနစ်တကျ ပက်ဖျန်းရန်၊

(ဃ) ကြက်ငှက်အသေများကို စားသုံးခြင်း၊ ရောင်းချခြင်း၊ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုဘဲ စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊

(င) ကြက်ငှက်များ သံသယဖြစ်ဖွယ် သေဆုံးကြောင်းသိရှိပါက နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်၊

(စ) မွေးမြူရေးခြံလုပ်သားများ လက်အိတ်၊ နှာခေါင်းစည်း ဝတ်ဆင်ရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊

(ဆ) ကြက်ငှက်အသား၊ ဥတို့ကို ကျက်အောင်ချက်ပြုတ်စားသုံးရန်၊

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၅-၂-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၂၀ ၅။ ဓမ္မပူဇာတေး
၇:၂၅ ၆။ မျိုးချစ်တပ်မတော်
၇:၃၀ ၇။ မြန်မာ့ရှုခင်း
၇:၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၄။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁:၂၀ ၄။ အဖွင့်သီချင်း
၁၁:၂၅ ၅။ မျိုးချစ်တပ်မတော်
၁၁:၃၀ ၆။ ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၂၇)
၁၂:၀၀ ၇။ **ရုပ်မြင်သံကြားဇာတ်လမ်း -ပျော်ပါရစေ (လွင်မိုး၊ နဝရတ်၊ မြတ်ကေသီအောင်) [ဒါရိုက်တာ-ကိုဇော် (အရုဏ်ဦး)]**
၁:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၂:၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေး ပြယ်ပါစေ (အပိုင်း-၃၈)**
၂:၅၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၃:၀၀ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၁၀ ၃။ နိုင်ငံတော်သီချင်း
၄:၁၃ ၄။ အဖွင့်သီချင်း
၄:၁၅ ၅။ မျိုးချစ်တပ်မတော်
၄:၂၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၁၅ ၇။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၂၀ ၈။ ကုန်သွယ်သုတ
၄:၃၀ ၉။ ကြိုတင်တားဆီးရန်သူမီး
၄:၄၅ ၁၀။ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ (ဓာတုဗေဒ)
၅:၃၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀ ၁၂။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၅။ စားဖိုဆောင်ချစ်သူ
၆:၅၀ ၁၆။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၅၃)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ လူ့ရှင်တော်စတား
၂၃။ လျှပ်တစ်ပြက်
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဘတစ်ပြန်ကျားတစ်ပြန် (အပိုင်း-၈)**
၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၂၅)**
၂၇။ သင့်အတွက်မနက်ဖြန်
၂၈။ အပိတ်နှုတ်ဆက်စကား
၂၉။ ပြီးပါပြီ။

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ခရိုင်ချင်းဆက်လမ်း အမှတ်(၂)သစ်ကြိမ်း-ထုံးဘိုကြီးလမ်းအပိုင်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ဇန်နဝါရီ ၃၀ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

★ **ကျောဖုံးမှ**

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် ဒုတိယအဖွဲ့ခေါင်းဆောင် ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်တို့ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးခဲ့သည်။

မမှမိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်

အဆိုပါဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများနှင့် ပတ်သက်ပြီး နိုင်ငံတကာအသိုက်အဝန်းက နားလည်မှုလွဲမှားနေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ ဖြစ်ရခြင်းမှာ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် ၎င်းတို့ကို ထောက်ခံနေသည့် နိုင်ငံကြီးများက သတင်းမှားများ၊ ပုံကြီးချဲ့သတင်းများ၊ မမှန်မကန်စွပ်စွဲချက်များကိုသာ တစ်ဖက်သတ်ဖြန့်ချိနေခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ယခုပြုလုပ်မည့် Universal Periodic Review ဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များကို နိုင်ငံတကာက သိအောင်ရှင်းပြနိုင်မည့် အခွင့်အရေးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အခြေခံဥပဒေတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် ပတ်သက်ပြီး သီးခြားအခန်းဖြင့် ပြဋ္ဌာန်းထားကြောင်း၊ ထိုပြဋ္ဌာန်းချက်များသည် အခြားနိုင်ငံများ၏ အခြေခံဥပဒေများတွင် ပါရှိသည့် ဒီမိုကရေစီစံနှုန်းများ၊ လူ့အခွင့်အရေးစံများနှင့် ထပ်တူဖြစ်ကြောင်း၊ ထို့ပြင် အခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများကို ရရှိခံစားနိုင်အောင် လိုအပ်သည့် စာချွန်တော်(၅)ခု ထုတ်ဆင့်ခွင့်များကို တရားရုံးများသို့ အပ်နှင်းထားသည့်အပြင် အခြေခံဥပဒေဆိုင်ရာကိစ္စများကို ဆုံးဖြတ်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးကိုလည်း ဖွဲ့စည်းပေးထားကြောင်း၊ ဇန်နဝါရီ ၃၁ ရက်တွင် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် အဆင့်ဆင့်တို့ကို ကျင်းပပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်အဆင့် ခြောက်နှင့် ခုနစ်ကို ဆက်လက်အကောင်အထည်ဖော်တော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းများကို မြင်တွေ့နေရပြီ ဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သည့် ဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှု အခြေအနေများကို မမှမိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်ကြမည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာအဖွဲ့ရုံး အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံရွေးကောက်ပွဲကျင်းပခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မကြာမီက ကျင်းပခဲ့သည့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဖြစ်စဉ်၏ အစခြေလှမ်းများဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံ၏ ပကတိအရှိတရားများကိုအခြေခံပြီး တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ မကြာမီ ကျင်းပမည့် လွှတ်တော်အစည်းအဝေးများမှ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အဖွဲ့အစည်းအဆင့်ဆင့်တို့ ပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန်၊ ခိုင်ခိုင်မာမာနှင့် အနှစ်သာရရှိရှိ ကျင့်သုံးနိုင်တော့မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ရှင်းလင်းပြောကြား

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်သည့် ဌာနအသီးသီးမှ အဆင့်မြင့်အရာရှိကြီးများက ပညာရေး၊ ကျန်းမာရေး၊ ပြန်ကြားရေး၊ယဉ်ကျေးမှု၊ တိုင်းရင်းသားအခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ အကျဉ်းသားများ၏ အခွင့်အရေးများနှင့် ပတ်သက်ပြီး နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ တိုးတက်မှုအခြေအနေများ၊ ထိုလုပ်ငန်းစဉ်များတွင် ပြည်သူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များက နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်သည့် နိုင်ငံများထဲမှ ၅၇ နိုင်ငံက မြန်မာနိုင်ငံ၏ အပြုသဘောဆောင် ဖြစ်ပေါ်တိုးတက်မှုများကို အသိအမှတ်ပြု ပြောကြားပြီး မြန်မာနိုင်ငံအနေဖြင့် ဆက်လက်အကောင်အထည်ဖော်သင့်သည့် လုပ်ငန်းစဉ်များ၊ နိုင်ငံတကာမှ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မည့် အချက်များကို အကြံပြုခဲ့ကြသည်။

အဆိုပါ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က မြန်မာနိုင်ငံ၏ တရားစီရင်ရေးမူများ၊ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို အပြည်ပြည်ဆိုင်ရာ ဥပဒေများ၊ ကျင့်ထုံးများ၊ ပြည်တွင်းဥပဒေများ၊ ကျင့်ထုံးများနှင့်နှိုင်းယှဉ် ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံသည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသကဲ့သို့ အနာဂတ်တွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ဇန်နဝါရီ ၁၆ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးနှင့် အာဆီယံ ညှိနှိုင်းရေးကောင်စီအစည်းအဝေးတို့က မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲအပါအဝင် အပြုသဘောဆောင်သည့် တိုးတက်မှုများရှိသဖြင့် ၎င်းတိုးတက်မှုများကို တုံ့ပြန်သောအားဖြင့် မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် ပိတ်ဆို့ဒဏ်ခတ်မှုများကို ရုပ်သိမ်းသင့်သည်ဟု ပြောကြားခဲ့သည်ကို မှတ်တမ်းတင်စေလိုကြောင်း၊ နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံသည် သမိုင်းတွင်မည့် မှတ်တိုင်သစ်တစ်ခုကို စိုက်ထူခဲ့ပြီးဖြစ်ကြောင်း၊ ကဏ္ဍသစ်တစ်ခုကို ဖွင့်လှစ်ခဲ့ပြီဖြစ်ကြောင်း၊ စာမျက်နှာသစ်တစ်ခု ပြောင်းခဲ့ပြီဖြစ်ကြောင်း၊ ၎င်းအချက်အားလုံးကို အပြုသဘောဆောင်သည့် တိုးတက်မှုများအဖြစ် အသိအမှတ်ပြုပြီး နိုင်ငံတကာအသိုက်အဝန်းက မြန်မာနိုင်ငံ၏ ပကတိအခြေအနေများကို မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ကာ မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုများကို အားပေးထောက်ခံ စေလိုကြောင်း ပြောကြားခဲ့သည်။

Universal Periodic Review,UPR ဆွေးနွေးပွဲသည် လူ့အခွင့်အရေးကောင်စီ၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၁၉၂ နိုင်ငံလုံး၏ လူ့အခွင့်အရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို (၄)နှစ်တစ်ကြိမ် ဆွေးနွေးသုံးသပ်သည့် လုပ်ငန်းဖြစ်သည်။ Universal Periodic Review,UPR သည် နိုင်ငံတစ်ခုအပေါ် စွပ်စွဲပြစ်တင်ခြင်း၊ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ဝေဖန်တိုက်ခိုက်ခြင်း ပြုလုပ်သည့် လုပ်ငန်းစဉ်မဟုတ်ဘဲ ကာယကံရှင်နိုင်ငံက မိမိနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စများကိုတင်ပြပြီး အဖွဲ့ဝင်နိုင်ငံများက ပါဝင်ဆွေးနွေးခြင်း၊ အကြံပြုခြင်းတို့ကို ပြုလုပ်သည့် လုပ်ငန်းစဉ်ဖြစ်သည်။

အသိအမှတ်ပြုခဲ့

ယခုဆွေးနွေးပွဲ၌ နိုင်ငံအများစုက မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် ကျန်ကဏ္ဍအသီးသီးတွင် တိုးတက်ဖြစ်ပေါ်မှုများကို အသိအမှတ်ပြုခဲ့ပြီး စိတ်ရင်းစေတနာ မှန်ကန်စွာဖြင့် အကြံပြုခဲ့ကြသော်လည်း အနောက်နိုင်ငံအချို့ကမူ UPR ၏ စည်းမျဉ်းစည်းကမ်းကို လိုက်နာခြင်းမရှိဘဲ မြန်မာနိုင်ငံအပေါ် နိုင်ငံရေး ရည်ရွယ်ချက်ဖြင့် မမှန်မကန် စွပ်စွဲပြောဆိုမှုများ၊ ဝေဖန်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ကိုလည်း တွေ့ရသည်။ သို့သော် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မိမိနိုင်ငံ၏ ပကတိအခြေအနေမှန်များကို အဖွဲ့ဝင်နိုင်ငံများသိရှိအောင် ရှင်းလင်းပြောကြားခဲ့သည့်အပြင် မမှန်မကန် စွပ်စွဲပြောဆိုချက်များကိုလည်း အောင်မြင်စွာ ပြန်လည်ချေပ ရှင်းလင်းခြင်း၊ ပယ်ချခြင်းများကို ပြုလုပ်နိုင်ခဲ့သည်။

လူ့အခွင့်အရေးကောင်စီ၏ Universal Periodic Review,UPR တွင် နိုင်ငံကြီးငယ်မရွေး၊ နိုင်ငံရေးစနစ်မရွေး အလှည့်ကျပါဝင်ရပြီး တစ်နှစ်လျှင်နိုင်ငံ ၄၈ နိုင်ငံ၏ လူ့အခွင့်အရေးမြှင့်တင်မှုနှင့် ကာကွယ်မှု အခြေအနေများကို သုံးသပ်ဆွေးနွေးကြောင်း၊ ပြီးခဲ့သည့် (၉)ကြိမ်မြောက် အစည်းအဝေးတွင် အမေရိကန်နိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများကို ဆွေးနွေးခဲ့ကြောင်း၊ ယခု (၁၀)ကြိမ်မြောက် အစည်းအဝေးတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံအပေါ် ဆွေးနွေးခဲ့ကြောင်း၊ အစည်းအဝေးတွင် ဆွေးနွေးခွင့်ရသည့်နိုင်ငံတိုင်းက ၎င်းတို့၏ အကြံပြုချက်များကို တင်ပြခွင့်ရှိကြောင်း၊ သို့သော် UPR အစီရင်ခံစာပါ အကြံပြုချက်များသည် တစ်နိုင်ငံချင်း၏ သဘောထားသာဖြစ်ပြီး လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက် မဟုတ်ကြောင်း၊ ထိုအကြံပြုချက်များသည် ဥပဒေအရ မလိုက်နာမနေရသဘော စည်းနှောင်မှုမရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

လက်ပံတန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကန်ကြီးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးသိန်းဇော် ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စပယ်ချစ် ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

မြောက်ဥက္ကလာပမြို့နယ်နှင့် နတ်မောက်မြို့နယ်တို့၌ မီးလောင်မှုများ ဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သစ္စာပန်းလမ်းရှိ နေအိမ်တစ်အိမ်၌ ဇန်နဝါရီ ၃၁ ရက် နံနက် ၀၀ နာရီ ၂၅ မိနစ်ခန့်တွင် ပဲကြော်လုပ်ငန်းမီးဖိုမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် လူနေအိမ် ခုနစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၁၀ စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ အလားတူ ဇန်နဝါရီ ၃၁ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရှမ်းကုန်းကျေးရွာ၌ ထမင်းဟင်းချက်ပြုတ်ရာမှ မီးစတင်လောင်ကျွမ်းခဲ့သဖြင့် လူနေအိမ် ၁၂ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

တစ်ဦးတစ်ယောက်၏ ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှုများ ဖြစ်ပွားခဲ့ရာတွင် မသက်ဆိုင်သူများပါ ဆုံးရှုံးနစ်နာရခြင်းများဖြစ်ပေါ်တတ်သဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးကို တစ်ဦးချင်းရော၊ အားလုံးပူးပေါင်း၍ပါ လိုက်နာဆောင်ရွက်ကြပါရန် မီးသတ်ဦးစီးဌာနက သတိပေးထားကြောင်းသိရှိရသည်။
(သတင်းစဉ်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ဝါးခယ်မမြို့ မင်းပိုင်း အမက ပညာရည်ချွန်ဆုချီးမြှင့်

ဝါးခယ်မ ဖေဖော်ဝါရီ ၄

ဝါးခယ်မမြို့ မင်းပိုင်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ပိုက်မိခန်းမဆောင်၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး၊ မြို့နယ်ပညာရေးမှူးနှင့် ဗိုလ်ကြီးသန်းဌေး(ငြိမ်း) တို့က အမှာစကား ပြောကြားပြီး ဆုရကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်သည်။**(အောက်ပုံ)** မင်းပိုင်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်း ရာသက်ပန်ပညာရေးငွေပဒေသာအဖြစ် ဗိုလ်ကြီးသန်းဌေး(ငြိမ်း) - ဒေါ်ဖြူဖြူမိသားစုက အလှူငွေကျပ် ၁၅ သိန်းအား ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်ထံ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ (၁၈၂)

အင်အား ၆ ဒသမ ၄ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၄

ယနေ့ည ၈ နာရီ ၂၆ မိနစ် ၂၄ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၂၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (တမူးမြို့၏ အရှေ့မြောက်ဘက် ၃၅ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ခ်ျ)တာစကေး ၆ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။
(သတင်းစဉ်)

တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၈ ရက်တွင် ကျင်းပရာ သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပထမဆုရရှိသော မနှင်းဝတ်ရည်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိမော် ဆုချီးမြှင့်စဉ်။
(မြို့နယ်ပြန်/ဆက်)

ဘင်္ဂလားပင်လယ်အော်ရှိ လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဖေဖော်ဝါရီ ၄

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံကမ်းခြေအနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။
(သတင်းစဉ်)

မိမိတို့နေအိမ်တွင်

(က) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။
(ခ) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ လှေကားများကို စနစ်တကျထားရှိပါ။
(ဂ) မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။
(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။
(စ) လောင်စာဆီအနီး မီးခြစ် ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။
(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံးမပြုပါနှင့်။
(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက်မထွန်းပါနှင့်။
(ဉ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ ပစ်ပါ။

မီးသတ်ဦးစီးဌာန

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုအစွန့်ရှည်ရေး ဒို့အရေး



ပြည်ထောင်စုအစွန့်ရှည်ရေး ဒို့အရေး ဟူသောစကားသည် ပြည်ထောင်စုသားအားလုံးတို့၏ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်မှ ပေါက်ဖွားလာသော ခံယူချက် အခြေခံဖြစ်ပေသည်။

ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စု မြန်မာနိုင်ငံကို ချစ်မြတ်နိုးသော နိုင်ငံသားတိုင်း၏ မျိုးချစ်စိတ်ဓာတ်ကိုဆိုလိုသည်။ ဤနေရာတွင် မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ တိုင်းရင်းသား မျိုးနွယ်အသီးသီးတို့၏ ကိုယ့်အမျိုးကိုချစ်သော စိတ်ဓာတ်လည်းပါဝင်၍ ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းလုံးကို ချစ်မြတ်နိုးသော စိတ်ဓာတ်လည်း ပါဝင်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် မူလတိုင်းရင်းသားမျိုးနွယ်စု အသီးသီးရှိနေကြသည်။ မြန်မာနိုင်ငံ သမိုင်းတစ်လျှောက်တွင် တိုင်းရင်းသားမျိုးနွယ်စုတို့သည် အေးအတူပူအမျှ ပေါင်းသင်းဆက်ဆံရင်း လောကဓံတရားအမျိုးမျိုးတို့ကို ဖြတ်သန်းခဲ့ရသည်။ မွန်၊ ရှမ်း၊ ဗမာ၊ ရခိုင်စသည့်လူမျိုးတို့သည် မြန်မာ့သမိုင်းအစဉ်အလာကို သယ်ဆောင်ခဲ့ကြသည်။ ချင်း၊ ကချင်၊ ကယားနှင့် ကရင်မျိုးနွယ်စုတို့ကလည်း ကာလဒေသအလျောက် ပူးတွဲပါဝင်ခဲ့ကြပါသည်။

ကုန်းဘောင်ခေတ်နောက်ပိုင်းနှင့် နယ်ချဲ့ဗြိတိသျှ ကိုလိုနီခေတ်တစ်လျှောက်လုံးတွင် မြန်မာဘာသာစကားနှင့် မြန်မာစာသည် တိုင်းရင်းသားပြည်သူအများစု ပြောဆိုသုံးနှုန်းကြသော ဘာသာစကားဖြစ်ခဲ့သည်။ အင်္ဂလိပ်ကိုလိုနီအစိုးရ အုပ်ချုပ်သော ကာလတွင် အင်္ဂလိပ်စာသည် ပထမရုံးသုံးစာ စကားဖြစ်ခဲ့ပြီး မြန်မာစာ၊ စကားသည် ဒုတိယရုံးသုံးဘာသာစကားဖြစ်ခဲ့သည်။ ဤသို့အားဖြင့် Burma ကို မြန်မာနိုင်ငံဟူ၍ ခေါ်တွင်ခဲ့ကြသည်။ အင်္ဂလိပ်တို့ကိုယ်တိုင်က ခေါ်တွင်စေခဲ့ကြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိလာသောအခါ ပြည်နယ်အသီးသီးနှင့် ဒေသအသီးသီးတို့တွင် နေထိုင်သည့်၊ တိုင်းရင်းသားလူမျိုးအားလုံးပါဝင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံဟူ၍ ပေါ်ထွန်းလာခဲ့သည်။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံဟူသော ဝေါဟာရသည် တိုင်းရင်းသားလူမျိုးများအားလုံးပိုင်ဆိုင်သော ဝေါဟာရဖြစ်လာခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်းအတန်ကြာအောင် ပြည်တွင်းရေး ပဋိပက္ခများဖြစ်ပွားခဲ့သည်မှာ အမှန်ဖြစ်သော်လည်း သက်ဆိုင်ရာ ခေတ်ကာလအလျောက် နိုင်ငံ၏တာဝန်ကို ယူခဲ့ကြသော အစိုးရအဆက်ဆက်နှင့် တပ်မတော်တို့က ပြည်ထောင်စုကြီး၏ အချုပ်အခြာအာဏာကို မဆုံးရှုံးရအောင် ထိရောက်အောင်မြင်စွာ ကာကွယ်နိုင်ခဲ့ကြသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံကြီးသည် ယနေ့ထက်တိုင် ဆက်လက်တည်ရှိနေခဲ့ခြင်းဖြစ်သည်။

ထို့အတူ ပြည်ထောင်စုကြီးအစွန့်ရှည်ရေးသည် တိုင်းရင်းသား မျိုးနွယ်စုအသီးသီးပါဝင်သော မြန်မာနိုင်ငံသားအားလုံး၏ ထာဝရတာဝန်ကြီးဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်ကြရာတွင် တိုင်းရင်းသား မျိုးနွယ်စုအားလုံး အချိုးကျကျ တက်ညီလက်ညီ အေးအတူပူအမျှ ဆောင်ရွက်ကြမှသာလျှင် ဖြစ်မြောက်အောင်မြင်နိုင်စရာရှိသည်။ အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စု၏ သယံဇာတပစ္စည်းများကို ထုတ်လုပ်ရယူခြင်း၊ အကျိုးဖြစ်ထွန်းအောင် လုပ်ကိုင်ဆောင်ရွက်ခြင်းတို့သည် ပြည်ထောင်စုအတွင်းတွင်ရှိသော တိုင်းရင်းသားမျိုးနွယ်စုတစ်စုတည်းနှင့် လုပ်ဆောင်၍ မအောင်မြင်နိုင်။ မျိုးနွယ်စုအားလုံး တစ်ဦးကိုတစ်ဦးအမှီပြုပြီး ပူးတွဲလုပ်ဆောင်မှသာ အောင်မြင်နိုင်ပေမည်။

ဤသည်မှာ လက်တွေ့ကျသော ဓမ္မဓမ္မဘာဝဖြစ်သည်။ တိုင်းရင်းသားလူမျိုးတိုင်းသည် မိမိတို့ဒေသအသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရင်း မိမိတို့ပြောဆိုသော ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ထုံးစံဓလေ့များကို ထာဝစဉ်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းသွားကြရမည်မှာ အမှန်ဖြစ်ပေသည်။ တစ်ချိန်တည်းမှာပင် ပြည်ထောင်စုမြန်မာနိုင်ငံကြီးတစ်ခုလုံး၏ ဘုံအကျိုးစီးပွားကိုလည်း ဖြစ်ထွန်းတိုးပွားလာစေရန် ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်သည်။

ပြည်ထောင်စုကြီးအစွန့်ရှည်ရေး ဆိုသည်မှာ ဝါဒဖြန့်နေသော စကားမဟုတ်၊ ပြည်ထောင်စုသားအားလုံး၏ တကယ့်ဘဝအတွက် လိုအပ်ချက်ကြီးလည်းဖြစ်သည်။ ဤအချက်ကို မြန်မာနိုင်ငံသားအားလုံးက အငြင်းပွားစရာမလိုသော ခံယူချက်အဖြစ် လက်ခံကျင့်သုံးကြရလိမ့်မည်။

ထို့ကြောင့် ပြည်ထောင်စုကြီး ပြိုကွဲရာပြိုကွဲကြောင်းဟူသမျှကို လုံးဝမတွေးမကြံဘဲ ထာဝစဉ်ရှောင်ကြဉ်နေရမည် ဖြစ်ပါသည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဆောင်ပုဒ်ကြီး(၃)ရပ်သည် ပြည်ထောင်စုကြီးအစွန့်ရှည်ရေးဟူသော ဝေါဟာရ၌ အကျုံးဝင်ပြီးဖြစ်ကြောင်း တိုင်းရင်းသားအားလုံး၊ နိုင်ငံသားအားလုံးက ခံယူထားကြရမည်ဖြစ်ပါသည်။

ဤသို့ခံယူထားကြမှသာလျှင် ပြည်ထောင်စုတိုင်းရင်းသားမျိုးနွယ်စုအားလုံးပါဝင်သော ပြည်သူအပေါင်းတို့၏ ကောင်းကျိုးအရပ်ရပ်ကို ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။

ပြည်ထောင်စုတိုင်းရင်းသား ပြည်သူအပေါင်းတို့၏ ကောင်းကျိုးချမ်းသာ ဖြစ်ထွန်းရေးဆိုသည်မှာ တိုင်းရင်းသား မျိုးနွယ်စုအပေါင်းတို့ စားဝတ်နေမှုဟူသော စီးပွားရေးဖူလုံတိုးတက်မှု၊ ပညာရေးနှင့် ကျန်းမာရေး၊ အဆင်ပြေစွာပေါင်းသင်းဆက်ဆံနေထိုင်ရေး၊ မိမိတို့၏ ယဉ်ကျေးမှုဘဝအသီးသီးကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ တရားဥပဒေနှင့် ထုံးတမ်းစည်းကမ်းများအတိုင်း အေးချမ်းသာယာစွာနေထိုင်သွားကြရေး အစရှိသော လူမှုရေးအခြေအနေများ ကောင်းမွန်စွာဖြစ်ထွန်းတည်ရှိနေရန်သာဖြစ်ပါသည်။

ထိုသို့သော လူနေမှုဘဝ၏ ကောင်းကျိုးချမ်းသာဟူသမျှကို ရရှိခံစားနိုင်ကြရန် ပြည်ထောင်စုတိုင်းရင်းသား ပြည်သူအပေါင်းတို့သည် သမစိတ္တမျှတစွာဖြင့် လက်တွဲပြီး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ပြည်ထောင်စုတိုင်းရင်းသားများသည် တကွဲတပြားစီ လုပ်ကိုင်နေကြမည်ဆိုပါက ဘယ်နည်းနှင့်မျှ ပြည့်ဝအောင်မြင်နိုင်မည် မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် သယံဇာတ၊ ပစ္စည်းအနေအထားအသီးသီးနှင့်

ကိုကိုမောင်ကြီး

စီးပွားရေးလုပ်ငန်းရပ်အသီးသီးတို့သည် တစ်ခုနှင့်တစ်ခု ခွဲခြား၍ မရနိုင်ဘဲ အပြန်အလှန် ဆက်စပ်မှီခိုနေကြရသောကြောင့်ဖြစ်သည်။

ပြည်ထောင်စုကြီး တကွဲတပြားစီဖြစ်သွားလျှင် မည်သူမျှ ကောင်းကျိုးချမ်းသာ ရရှိကြလိမ့်မည် မဟုတ်ပါချေ။ အားလုံးပေါင်းစုပြီး မိသားစုတစ်စုတည်းကဲ့သို့ ညီညွတ်စွာလုပ်ကိုင်ဆောင်ရွက်ကြမှသာလျှင် အားလုံးကောင်းကြမည်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ တိုင်းရင်းသား မျိုးနွယ်စုအားလုံး အကျုံးဝင်သော အတိတ်ကာလ၏ သမိုင်းစဉ်အခြေအနေသည် မည်သို့ပင် ကောင်းဆိုးနှစ်ထွေရှိခဲ့ကာမူ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးတစ်ရပ် ပေါ်ထွန်းနေပြီဖြစ်သော ဤယနေ့ကာလအခြေအနေမျိုးတွင် ပြည်ထောင်စုတိုင်းရင်းသား ပြည်သူအပေါင်းတို့သည် ကျွန်တော်တို့အားလုံး၏ အနာဂတ်ကာလများဆီသို့သာ အကောင်းမြင်ဝါဒကို ခံယူထားသောစိတ်ဓာတ်ဖြင့် မျှော်ခေါ်ရှုမြင်ကြဖို့သာ အရေးကြီးနေပြီဖြစ်ပါသည်။ အဆိုးတွေကိုဖယ်ရှားပြီး အကောင်းတွေကို တွေးမြော်ကြည့်ရမည်ဖြစ်ပါသည်။

ပြည်ထောင်စု တိုင်းရင်းသားမျိုးနွယ်စုအချင်းချင်
ဒေသကြီးနှင့် ပြည်နယ်များအချင်းချင်းတို့သည်လ
နိုင်ငံတော်ကြီး၏တာဝန်ကို ဆောင်ရွက်ခွင့်ရရှိမည့် အ
သည်လည်းကောင်း၊ တိုင်းရေးပြည်ရေးနှင့် နိုင်ငံ
ပိုင်ခွင့်ရရှိကြသော နိုင်ငံရေးပါတီ အဖွဲ့အစည်းအသ
အကောင်းမြင်ဝါဒကို ခံယူထားပြီး လုပ်ကိုင်ဆောင်ရွ
ဆောင်ရွက်ကြမည်ဆိုပါက ငြိမ်းချမ်းသာယာသော ပြည
ဖြစ်ထွန်းလာမည်မှာ ကေန်မုချဖြစ်။

အကောင်းမြင်ဝါဒကို ခံယူကြမှသာလျှင် တိုင်းရင်းသားပြည်သူအပေါင်းတို့သည် အချင်းချင်းယုံကြည်စိတ်ချစွာ ဆက်ဆံနေထိုင်နိုင်မည်ဖြစ်ပါသည်။ အကောင်းမြင်ဝါဒနှင့် အချင်းချင်း ယုံကြည်မှုရှိခြင်းတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန်အမှီပြုလျက်ရှိသော စိတ်နေသဘောထားကြီးတစ်ရပ်ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး အကောင်း

○ **မိမိတို့နိုင်ငံသားများ၏ အမှန်တကယ်ရရှိခံစားရမည့် လိုအပ်ချက်များကို ရရှိနိုင်စေရန် အကောင်းမြင်ဝါဒကို အခြေပြုသော၊ အပြုသဘောဆောင်သော စိတ်နေသဘောထားတို့ဖြင့် လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်။**

○ **ဤသို့ ဆောင်ရွက်သွားနိုင်ကြရန် ကျွန်တော်တို့ အားလုံးသည် သည်းခံခြင်း၊ စိတ်ရှည်ခြင်း၊ ဇွဲလုံ့လ ဝီရိယရှိခြင်း၊ သဘောထားကြီးခြင်း အစရှိသော ကောင်းမြတ်သော မနသီစိတ်ထားများကို ထားရှိကြရမည်ဖြစ်။**

ရေး

ပြီး

စ်ခုနှင့်တစ်ခု ခွဲခြား၍
သာကြောင့်ဖြစ်သည်။
သွားလျှင် မည်သူမျှ
ချ။ အားလုံးပေါင်းစုပြီး
င်ဆောင်ရွက်ကြမှသာ

**သား မျိုးနွယ်စုအားလုံး
စဉ်အခြေအနေသည်
တော် ဖွဲ့စည်းပုံအခြေခံ
ဤယနေ့ကာလအခြေ
ည်သူအပေါင်းတို့သည်
ပ်သို့သာ အကောင်းမြင်
မြင်ကြဖို့သာ အရေးကြီး
ကာင်းတွေကို တွေးမြော်**

မြင်မှလည်း အချင်းချင်းယုံကြည်မှု ရရှိကြမည်ဖြစ်ပါသည်။ အချင်းချင်း ယုံကြည်မှုရှိမှလည်း အကောင်းမြင်ဝါဒကို ခံယူနိုင်မည်ဖြစ်ပါသည်။

အကောင်းမြင်ဝါဒဟု ဆိုရာတွင် မိမိတို့အချင်းချင်း၏ အားနည်းချက်များ၊ အဆိုးများ၊ အထင်အမြင်လွဲမှားမှုများ စသည်တို့ကို ဖယ်ရှားပြီးသည့်ကာလ၌ မိမိတို့အချင်းချင်း၏ အားသာချက်များ၊ အားသန်ချက်များ၊ ကောင်းကျိုးတွေကို ပြုလုပ်ခဲ့သော အစဉ်အလာများ၊ ကောင်းရာကောင်းကြောင်းကို လုပ်ကိုင်ဆောင်ရွက်တတ်သော အလေ့

**င်းသားမျိုးနွယ်စုအချင်းချင်းသည် လည်းကောင်း၊ တိုင်း
များအချင်းချင်းတို့သည်လည်းကောင်း၊ ပြည်ထောင်စု
ဆောင်ရွက်ခွင့်ရရှိမည့် အစိုးရအဖွဲ့အစည်းအသီးသီးတို့
င်းရေးပြည်ရေးနှင့် နိုင်ငံရေးကိစ္စများကို ဆောင်ရွက်
ရေးပါတီ အဖွဲ့အစည်းအသီးသီးတို့သည် လည်းကောင်း
ထားပြီး လုပ်ကိုင်ဆောင်ရွက်ဖွယ်ရာ တာဝန်အရပ်ရပ်ကို
ငြိမ်းချမ်းသာယာသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး
န်မုချဖြစ်။**

တိုင်းရင်းသားပြည်သူ
ဆက်ဆံနေထိုင်နိုင်မည်
င်း ယုံကြည်မှုရှိခြင်းတို့
ချက်ရှိသော စိတ်နေ
င့်တစ်ဦး အကောင်း

အကျင့်များ၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်းနှင့် ကောင်းသောယဉ်ကျေးမှုထုံးတမ်းစဉ်လာများ၊ ပင်ကိုအားဖြင့် ငြိမ်းချမ်းစွာနေထိုင်လေ့ရှိပြီး ကောင်းရာမွန်ရာများကိုသာ ပြုလုပ်ချင်သောစေတနာထားရှိမှုများ အစရှိသော အကောင်းများဘက်သို့သာ မျက်နှာမူလျက် ရှုမြင်နေကြရမည် ဖြစ်သည်။

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသား အားလုံး စောင့်ထိန်းကာကွယ်ရေး၊

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

☆ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

☆ နှစ်ပေါင်းထောင်ချီ၍ ဥမကွဲ သိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

ဤသို့အားဖြင့် ပြည်ထောင်စုတိုင်းရင်းသား မျိုးနွယ်စုအချင်းချင်းသည် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအချင်းချင်းတို့သည် လည်းကောင်း၊ ပြည်ထောင်စုနိုင်ငံတော်ကြီး၏ တာဝန်ကို ဆောင်ရွက်ခွင့်ရရှိမည့် အစိုးရအဖွဲ့အစည်းအသီးသီးတို့သည်လည်းကောင်း၊ တိုင်းရေးပြည်ရေးနှင့် နိုင်ငံရေးကိစ္စများကို ဆောင်ရွက်ပိုင်ခွင့်ရရှိကြသော နိုင်ငံရေးပါတီ အဖွဲ့အစည်းအသီးသီးတို့သည် လည်းကောင်း အကောင်းမြင်ဝါဒကို ခံယူထားပြီး လုပ်ကိုင်ဆောင်ရွက်ဖွယ်ရာ တာဝန်အရပ်ရပ်ကို ဆောင်ရွက်ကြမည်ဆိုပါက ငြိမ်းချမ်းသာယာသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖြစ်ထွန်းလာမည်မှာ ကေန်မုချ ဖြစ်ပေသည်ဟု ဆိုနိုင်ပါသည်။

မိမိတို့နိုင်ငံသားများ၏ အမှန်တကယ်ရရှိခံစားရမည့် လိုအပ်ချက်များကို ရရှိနိုင်စေရန် အကောင်းမြင်ဝါဒကို အခြေပြုသော၊ အပြုသဘောဆောင်သော စိတ်နေသဘောထားတို့ဖြင့် လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်သွားနိုင်ကြရန် ကျွန်တော်တို့အားလုံးသည် သည်းခံခြင်း၊ စိတ်ရှည်ခြင်း၊ ဖွဲလုံ့လဝီရိယရှိခြင်း၊ သဘောထားကြီးခြင်း အစရှိသော ကောင်းမြတ်သော မနသီစိတ်ထားများကို ထားရှိကြရမည်ဖြစ်ပါသည်။

သို့မှသာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ငြိမ်းချမ်းသာယာဝပြောသော နိုင်ငံတော်ကြီးဖြစ်မည်ဟူ၍ ကျွန်တော် မျှော်လင့်ယုံကြည်မိပါသည်။ ထို့ကြောင့် ပြည်ထောင်စုကြီး အဓွန့်ရှည်ရေးကို ထိခိုက်နစ်နာစေမည့် ကိစ္စမှန်သမျှ၊ အကြံအစည်မှန်သမျှ၊ အပြောအဆိုမှန်သမျှ၊ လုပ်ဆောင်မှုမှန်သမျှတို့ကို ထာဝစဉ်ရှောင်ကြဉ်ကြရမည်ဖြစ်ပါသည်။

ငြိမ်းချမ်းသာယာဝပြောသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်ရေးသည် တိုင်းရင်းသား မျိုးနွယ်စုအားလုံး၏ ပင်ရင်းအကျဆုံးသော မဟာအရေးတော်ကြီးပင်ဖြစ်ကြောင်း ခံယူကြရမည်ဖြစ်ပါပေတော့သတည်း။ ။

ပြည်ထောင်စုရွာ

❖ ပန်းလှတစ်ပင်၊ စိုက်ပျိုးယှဉ်၍
ဥယျာဉ်မဖြစ်၊ ခေတ်နိယာမ
သိသာလှသည် .....။

❖ သစ်တစ်ပင်တည်း၊ သစ်တောကြီးဟု
ခိုင်ဖြိုးသာဓက၊ ပြောမရပါ။

❖ အိမ်တစ်လုံးဆောက်ကာ၊ ရွာတစ်ရွာဟု
ပမာပြ၍မရပါ .....။

❖ ပန်းမျိုးကုဋေကုဋာ၊ စုပျိုးပါမှ
နံ့သာဥယျာဉ်၊ ဖြစ်ပေါ်လွင်လိမ့် .....။

❖ သစ်ပင်သိန်းသန်း၊ ကိန်းဂဏန်းစိုက်
စိမ်းလန်းဝေရစ်၊ သစ်တောဖြစ်လိမ့် .....။

❖ အိမ်ပေါင်းရာထောင်၊ ပမာဆောင်ယူ
များမြောင်လူထု၊ အခြေပြုမှ
ရွာဟုခေါ်နိုင်၊ စည်ကားမြိုင်လိမ့် .....။

❖ ရင်းနှီးချစ်ခင်၊ စိတ်ပျော်ရွှင်ဖွယ်
ကချင် ကယား၊ သွေးသား ကရင် ချင်း
သက်နှင်း ဗမာ၊ မွန်လည်းပါခဲ့
လွန်စွာ ချစ်ကျွမ်း၊ ရခိုင် ရှမ်းတို့
ပြိုင်လှမ်းညီညာ၊ ပြည်ထောင်စုရွာ .....။

❖ တိုင်းရင်းသားပေါင်းစုံ၊ အားမာန်ဟုန်ကောင်း
ယုံကြည်ပေါင်းစည်း၊ ပြည်ထောင်ကြီးဖြစ်
တသီးတခြား၊ ခရီးသွားက
ကြီးမားဒုက္ခ၊ ကြုံတွေ့ရလိမ့်
ထာဝရမေတ္တာ၊ မြဲခိုင်စွာဖြင့်
ဒို့ရွာဒို့ပြည်၊ ကာကွယ်မည်တည့်
ခိုင်ကျည်ဂုဏ်ဟိတ်၊ ပင်လုံစိတ်ဖြင့်
အဓိဋ္ဌာန်ပြုဟေ့၊ ပြည်ထောင်စုနေ့ .....။

(၆၄) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ပျဉ်းမနားမြင့်လှိုင်



ပဲခူးကြခတ်ဝိုင်း ဆရာတော်ကြီး၏ အန္တိမပူဇာဓမ္မသဘင်နှင့် အန္တိမစျာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၄

နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သီရိမင်္ဂလာကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဇောတိပါလ ဆရာတော်ကြီး၏ အန္တိမစျာပနပူဇာ ဓမ္မသဘင်တရားပွဲများကို ပဲခူးမြို့ သီရိမင်္ဂလာကြခတ်ဝိုင်း ကျောင်းတိုက်အတွင်း ရာပြည့် ဓမ္မာရုံကြီး၌ ဖေဖော်ဝါရီ ၆ ရက်မှစ၍ ညစဉ် ၇ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၆ ရက်တွင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ ယောဆရာတော်က လည်းကောင်း၊ ၇ ရက်တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခ မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မကထိကဗဟုဇနဟိတဓရ ဓမ္မဒူတ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက လည်းကောင်း၊ ၈ ရက်တွင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ သီတဂူဆရာတော်က လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားများကို ဟောကြားမည်ဖြစ်ပြီး ၉ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီခွဲတွင် အန္တိမစျာပနပူဇာသဘင် ဆင်ယင်ကျင်းပ၍ မွန်းလွဲ ၁ နာရီတွင် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို ကြခတ်ဝိုင်းကျောင်းတိုက်မှ ရွှေအောင်ရွှေစေတီတော် ဘုရားကွင်းသို့ ပင့်ဆောင်ကာ အန္တိမစျာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ဆိပ်ကြီးခနောင်တိုမြို့နယ် အမှတ်(၄)အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ သူငယ်တန်းကျောင်းသား မောင်ဟိန်းသက်ကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းအေး ပထမဆုချီးမြှင့်စဉ်။ (မြို့နယ်ပြန်/ဆက်)

ချောင်းသာကမ်းခြေ ပျော်ပွဲရွှင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်များအသင်း(ချောင်းသာဇုန်)က ကြီးမှူး၍ ချောင်းသာကမ်းခြေတွင် ပထမဆုံးအကြိမ် စျေးရောင်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲ ကျင်းပနိုင်ရေးအစည်းအဝေးကို ဇန်နဝါရီ ၂၁ ရက်က ချောင်းသာကမ်းခြေ ဒိုင်းမွန်းဟိုတယ်၌ ကျင်းပသည်။

ယင်းစျေးပွဲတော်ကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ စည်ကားစွာ ကျင်းပသွားမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၅ ရက် ညနေပိုင်းတွင် ဟိုတယ်အလိုက် စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ၂၆ ရက်တွင် ဖျော်ဖြေပွဲများဖြင့် တင်ဆက်ဖျော်ဖြေခြင်းနှင့် ၂၇ ရက် ည၌ Five Star အငြိမ့်ကပြမည်ဖြစ်သည်။

ထို့အပြင် ကမ်းခြေသဲသောင်ပြင်ဘော်လီဘောပြိုင်ပွဲ၊ "သာယာလှပချောင်းသာကမ်းခြေအလှ"ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲများ ထည့်သွင်းကျင်းပမည့်အပြင် ဒေသထွက်ကုန်နှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များလည်း ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ရာ ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူများသည် ဦးကျော်ဟိုး ဖုန်း-၀၉-၅၂၀၀၆၀၆၊ ဦးလှိုင်မွန် ဖုန်း-၀၉-၅၀၀၂၉၀၇နှင့် ဦးအောင်ထွန်း ဖုန်း-၀၉-၅၀၁၃၈၅၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃၀ ရက်က အလုံမြို့နယ် ဇမ္ဗူရတနာကျောင်း၌ ကျင်းပရာ ၂၀၁၀ ခုနှစ် လေးဘာသာဂုဏ်ထူးရှင် မသီရိကြည်ကြည်အား နာယက ဦးမောင်မောင်လေး ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၀၄)

မန္တလေး-လားရှိုးကားလမ်း၌ ယာဉ်တစ်စီးတိမ်းမှောက် ငါးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၄

ရန်ကုန်မြို့မှထွက်ခွာလာသော ဘုရားဖူးယာဉ်တစ်စီးသည် ဖေဖော်ဝါရီ ၃ ရက် နံနက် ၇ နာရီခွဲခန့်တွင် ပြင်ဦးလွင်မြို့နယ် ရေသရောက်ကုန်းရွာအနီး မန္တလေး-လားရှိုးကားလမ်း မိုင်တိုင်အမှတ်(၅၁/၁)၌ အရှိန်လွန်ပြီး တိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်၌ လိုက်ပါလာသည့် ခရီးသည် ၂၀ အနက် အမျိုးသားသုံးဦး၊ အမျိုးသမီးနှစ်ဦး သေဆုံးပြီး အမျိုးသားလေးဦး၊ အမျိုးသမီးတစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း၊ ယာဉ်မောင်း မျိုးညွန့်မှာ တိမ်းရှောင်သွားသဖြင့် ပိတ်ချင်းမြောင်ရဲစခန်းက အမှုဖွင့်ပြီး ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့ကာလတွင် ကားများ၊ လမ်းများ ကောင်းမွန်လာသလောက် ယာဉ်မောင်းများ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမှာ အလွန်အားနည်းနေသေးကြောင်း၊ ယာဉ်ကြီးများမှာ အတင်းလုမောင်း၊ အတင်းကျော်တက်ဖြင့် မဆင်မခြင်မောင်းနှင်ကြသည်ကို အများဆုံးတွေ့နေရကြောင်း၊ ယာဉ်များ မဆင်မခြင်မောင်းနှင်ပြီး ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုဖြစ်ပွားလျှင်လည်း ၎င်းတို့အနေဖြင့် ခရီးသည်များအား ကူညီဆောင်ရွက်ပေးလိုစိတ်၊ ငဲ့ညှာစိတ် လုံးဝမရှိဘဲ ထွက်ပြေးကြကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောမှုများ နိုင်ငံတစ်ဝန်း ဆောင်ရွက်နေသော်လည်း လိုက်နာမှုအားနည်းနေသေးသည်မှာ အမှန်ဖြစ်ကြောင်းဖြင့် မျက်မြင်သက်သေတစ်ဦးက မှတ်ချက်ပြုပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ချောင်းဆုံမြို့နယ်တွင် ကတ္တရာထပ်ပိုးလွှာခင်း

ချောင်းဆုံ ဖေဖော်ဝါရီ ၄

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဆေးရုံလမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအား အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမြင့်အောင်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ချယ်လ်ဆီးနှင့် လီဗာပူးတို့ တိုက်စစ်အားပြိုင်ကြမည့် ပရီမီယာလိဂ် ပွဲစဉ် (၂၆)

ပရီမီယာလိဂ်ပွဲစဉ်များကျင်းပလာသည်မှာ ပွဲစဉ်(၂၆)သို့ ရောက်ရှိလာပြီဖြစ်ခြင်းကြောင့် အသင်းတိုင်းက အမှားခံ၍မရဘဲ အထူးသတိထားပြီး အမှတ်မဆုံးရှုံးရအောင် ဂရုစိုက်နေရပါပြီ။ ယခုတစ်ပတ်တွင်ဖြင့် တိုက်စစ်အားပြိုင်ကြမည့် ချယ်လ်ဆီးနှင့် လီဗာပူးတို့ပွဲမှာ ပရိသတ်အကြိုက် ပွဲတစ်ပွဲဖြစ်လို့လာပေဦးမည်။

စတမ်းဖို့ဒ်ဘရစ်ချ်ကွင်း

ပထမအကျော့ ပွဲစဉ်(၁၁)တွင် ဆုံတွေ့ခဲ့စဉ် လီဗာပူးက နှစ်ဂိုးပြတ်ဖြင့် ချယ်လ်ဆီးကို အနိုင်ယူထားသည်။ ယခု ပွဲစဉ်(၂၆) တွင် ချယ်လ်ဆီးအနေဖြင့် အသစ်ခေါ်ယူထားသည့် တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်ကို ဒရော့ဘာနှင့် တွဲဖက်၍ အသင်းဟောင်းကို ပြန်လည်ရင်ဆိုင်စေမည် ဖြစ်သည်။ ထို့အတူ လီဗာပူးကလည်း ဆွာရက်ဇ်၊ အင်ဒီကာရိုးတို့ တိုက်စစ်အတွဲကို ပွဲထွက် ကစားစေမည်ဟု ယူဆရသည်။ ထို့ကြောင့် ဤနှစ်သင်း၏ တိုက်စစ်ကစားပုံမှာ အထူးကောင်းမွန်လာဖွယ်ရာရှိနေသည်။ သို့အတွက်ကြောင့် ချယ်လ်ဆီးနှင့် လီဗာပူးတို့သည် အပြန်အလှန်ဂိုးသွင်းဖွယ်ရာ ရှိနေပြီး ချိန်ခွင်လျှာမှာဖြင့် အိမ်ရှင်ဘက်တွင် ရှိမည်ဟု ယူဆရပါသည်။

မိုလီနော့ဗ်အားကစားကွင်း

အမှတ်ပေးဇယား ရှေ့ကပြေးနေသည့် မန်ယူသည် မိုလီနော့ဗ်အားကစားကွင်းတွင် ဝုလ်ဗာဟမ်တန်ကို ရင်ဆိုင်ရမည်ဖြစ်သည်။ ဤနှစ်သင်း၏ လက်ရှိအနေအထားမှာ အစစအရာရာ ကွာခြားလွန်းလှသည်။ ဝုလ်ဗာဟမ်တန်အနေဖြင့် အိမ်ရှင်အားသာချက်တစ်ခုတည်းဖြင့် မန်ယူကို ရင်ဆိုင်ရန် မလွယ်ပေ။ ဤပွဲတွင် မန်ယူ အမှတ်ပြည့်ရဦးမည်ဟု သုံးသပ်ရပါသည်။

ဟန်သစ်

ပရီမီယာလိဂ်ပွဲစဉ် (၂၆) ပွဲစဉ်များ

၅-၂-၂၀၁၁ (စနေနေ့) ည ၇း၁၅နာရီ

စတုတ်စီးတီး - ဆန်းဒါးလန်း

ည ၉း၃၀ နာရီ

နယူးကာဆယ် - အာဆင်နယ်

စပါး - ဘော်လ်တန်

မန်စီးတီး - ဝက်စ်ဘရွန်း

ဗီလာ - ဖူလ်ဟမ်

ဝီဂန် - ဘလက်ဘန်း

အဲဗာတန် - ဘလက်ပူးလ်

ည ၁၂ နာရီ

ဝုလ်ဗာဟမ်တန် - မန်ယူ

၆-၂-၂၀၁၁ (တနင်္ဂနွေနေ့)

ည ၈ နာရီ

ဝက်စ်ဟမ်း - ဘာမင်ဂမ်

ည ၁၀း၃၀ နာရီ

ချယ်လ်ဆီး - လီဗာပူး

အမြို့မြို့အနယ်နယ်တွင် ဖွံ့ဖြိုးစည်ပင်

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သာစည်ကျေးရွာ အရှည်ပေ ၂၄၅၀ရှိ ကျောက်ချောလမ်းခင်းနေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်၊ အမှုဆောင်အရာရှိနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစောဘေးလေဂရေးတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (၂၉၄)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ဝန်ထမ်းများဖြင့် သစ်တစ်ပင်တောင်အဆင်း လမ်းဘေးဝဲ၊ ယာတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဦးအောင်ငွေကြွယ်နှင့် အင်ဂျင်နီယာမှူး ဦးမျိုးမင်းသန့်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မုံးကိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဇီဇဝါလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၃ ရက်က မြို့နယ်တာဝန်ခံ ဦးအောင်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရှိန်းသူအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အင်ပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့သာယာလှပရေးလုပ်ငန်းများနှင့် အဖွဲ့ပိုင်ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို ဇန်နဝါရီ ၂၃ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ဦး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား -

နားမယောင်လေနဲ့ သတိထား။

မြန်မာနိုင်ငံသည် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိ

အပြုသဘောဆောင်သည့်တိုးတက်မှုများရှိသဖြင့် မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ပိတ်ဆို့မှုများကို ရုပ်သိမ်းသင့် နိုင်ငံတကာအသိုက်အဝန်းက မြန်မာနိုင်ငံ၏ ပကတိအခြေအနေများကို မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်စေလို

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၄ရက်မှ ဖေဖော်ဝါရီ ၄ရက်အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ကျင်းပခဲ့သည့် လူ့အခွင့်အရေးကောင်စီ Universal Periodic Review Working Group ၏ (၁၀)ကြိမ်မြောက် အစည်းအဝေး၌ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများအပေါ် ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၇ရက်တွင် ပြုလုပ်ခဲ့သည်။ စာမျက်နှာ ၇ ကော်လံ ၁ သို့☆

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်အဖွဲ့ လူ့အခွင့်အရေးကောင်စီ Universal Periodic Review Working Group ၏ (၁၀)ကြိမ်မြောက် အစည်းအဝေးသို့တက်ရောက်စဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု

ကိုကိုမောင်ကြီး၏
ပြည်ထောင်စု အစွန့်ရှည်ရေး ဒို့အရေး
(ဆောင်းပါး) စာမျက်နှာ (၈-၉)
ဝေရှင်၏
ညီညွတ်မှုအား
(ကာတွန်း) စာမျက်နှာ (၈-၉)
ပျဉ်းမနားမြင့်လှိုင်၏
ပြည်ထောင်စုရွာ
(ကဗျာ) စာမျက်နှာ (၉)